# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | (က)ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အား Eco-Tourism (သဘာဝအခြေပြု ခရီးသွား လုပ်ငန်း) နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်ရန်အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၆ | (ခ)ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ နိုင်ငံပိုင် သစ်တောမြေများအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်ရှည်ငှါးရမ်းဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ စိုက်ပျိုးခွင့်ပြုပြီး မြေဧကနှင့်အညီ သတ်မှတ် ကာလအတွင်း အမှန်တကယ် စိုက်ပျိုးပြီးစီးမှု ရှိ၊ မရှိ၊ ခွင့်ပြု မထားသော လုပ်ငန်းနှင့် အပင်များ စိုက်ပျိုးထားခြင်းရှိ၊ မရှိ၊ ဥပဒေမဲ့ လွှဲပြောင်း ရောင်းချမှုများ ရှိ၊ မရှိ၊ မျှတသည့် နှုန်းထားတို့နှင့်အညီ စိစစ်ပြင်ဆင် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ကြွေးကျန်များ ရှိနေသေးလျှင် ဥပဒေနှင့်အညီ မည်သို့ အရေးယူ ဆောင်ရွက်မည်ကို ရှင်းလင်းချပြ နိုင်ခြင်းရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၇ | (ဂ)ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ နိုင်ငံတော်၏အကျိုးအမြတ် ၅၁%ကို တာဝန်လွှဲပြောင်းချိန် အထိ မည်မျှရရှိခဲ့သနည်းနှင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စ၍ မည်သို့ ဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |

| | | |
|---|---|---|
| ၈ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် “မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism (ဂေဟာအကျိုးပြု ခရီးသွားလုပ်ငန်း) ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း” အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း- | ၂၂ |
| ၉ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ | ၃၉ |
| ၁၀ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၄၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# [ ၁၄–၂–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်အား Eco-Tourism (သဘာဝအခြေပြု ခရီးသွားလုပ်ငန်း) နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်ရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံပိုင် သစ်တောမြေများအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်ရှည်ငှါးရမ်းဆောင်ရွက်ပေးမှုများ နှင့်ပတ်သက်၍ စိုက်ပျိုးခွင့်ပြုပြီး မြေဧကနှင့်အညီ သတ်မှတ် ကာလအတွင်း အမှန်တကယ် စိုက်ပျိုးပြီးစီးမှု ရှိ၊ မရှိ၊ ခွင့်ပြု မထားသော လုပ်ငန်းနှင့် အပင်များ စိုက်ပျိုးထားခြင်းရှိ၊ မရှိ၊ ဥပဒေမဲ့ လွှဲပြောင်း ရောင်းချမှုများ ရှိ၊ မရှိ၊ မျှတသည့် နှုန်းထားတို့နှင့်အညီ စိစစ်ပြင်ဆင်**

**ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ကြွေးကျန်များ ရှိနေသေးလျှင် ဥပဒေနှင့်အညီ မည်သို့အရေးယူဆောင်ရွက်မည်ကို ရှင်းလင်းချပြနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ **လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ နိုင်ငံတော်၏အကျိုးအမြတ် ၅၁%ကို တာဝန်လွှဲပြောင်းချိန်အထိ မည်မျှရရှိခဲ့သနည်းနှင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စ၍ မည်သို့ဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က တင်သွင်းသည့် **"မကွေးတိုင်း ဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism (ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း) ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ခင်မို့မို့အောင်၊ လသာ မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဃ) ဦးအောင်နိုင်၊ မိုးကုတ် မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(စ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# အဌမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၉၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၂ ရက်၊

(၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊

(၄) ချောင်းဦးမဲဆန္ဒနယ်မှ ဦးမျိုး ခွင့် ၁ ရက်၊

(၅) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၇) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၂ ရက်၊

(၈) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၂ ရက်၊

(၉) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၂ ရက်၊

(၁၀) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၄ ရက်၊

(၁၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊

(၁၂) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၁ ရက်၊

(၁၃) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၂ ရက်၊

(၁၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၅ ရက်၊

(၁၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊

(၁၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၄ ရက်၊

(၁၇) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၁၈) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၁၉) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၂ ရက်၊

(၂၀) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၂ ရက်၊

(၂၁) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၃ ရက်၊

(၂၂) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၄ ရက်၊

(၂၃) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၄ ရက်၊

(၂၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၄ ရက်၊

(၂၅) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၂ ရက်၊

(၂၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၂၇) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၁၁ ရက်၊

(၂၈) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၃ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွန်း ခွင့် ၃ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၃ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၃ ရက်၊

(၃၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၃၅) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၄ ရက်နှင့်

(၃၆) မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း စတင်ဆောင်ရွက်ပါမယ်။

**အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အား Eco-Tourism (သဘာဝအခြေပြုခရီးသွားလုပ်ငန်း) နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အား Eco-Tourism (သဘာဝအခြေပြုခရီးသွားလုပ်ငန်း) နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့် အမျိုးသားဥယျာဉ်နယ်မြေထဲမှာရှိတဲ့ သဘာဝအခြေခံများအား မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေတာကို သိရှိလိုခြင်းနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အလောင်းတော်ကဿပအမျိုးသာဥယျာဉ်ဟာ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်ရှိ ပထောလုံးကြိုးဝိုင်းနှင့် ကလေးခရိုင်၊ မင်းကင်းမြို့နယ်ရှိ တောင်တွင်းကြိုးဝိုင်းနှစ်ခုဟာ ပေါင်းစည်းကြပြီး သစ်တောဝန်ကြီးဌာနရဲ့ ၁-၁-၁၉၈၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃၁/၈၉) နဲ့ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အကျယ်အဝန်းဟာ ၃၄၆၉၃.၃၉ ဧက၊ စတုရန်းမိုင်အားဖြင့်ဆိုရင် ၅၄၁.၆၂ စတုရန်းမိုင်ရှိပါတယ်။ ဥယျာဉ်သက်တမ်းဟာ ၃၃ နှစ်ရှိပြီးဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝတဲ့အတွက် အာဆီယံအမွေအနှစ်ဥယျာဉ်၊ ASEAN Heritage အဖြစ် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ သတ်မှတ်ခံခဲ့ရပါတယ်။ အာဆီယံ ၁၀ နိုင်ငံရဲ့ အမွေအနှစ်ဥယျာဉ် ၃၈ ခုမှာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သဘာဝအခြေခံခရီးသွားစခန်း ၂၁ ခုမှာလည်း ပါဝင်နေတယ်လို့သိရှိရပါတယ်။ နှစ်စဉ် ဒီဇင်ဘာလကနေ မေလလောက်ထိ အလောင်းတော်ကဿပဘုရားဖူးရာသီအဖြစ် သတ်မှတ်ပြီး အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေဟာ ဆင်စီးပြီးဘုရားဖူးရတဲ့ ဒီခရီးကိုအလွန်ပဲစိတ်ဝင်စားစွာနဲ့ လာရောက်လေ့ရှိကြပါတယ်။ နိုင်ငံခြားသားခရီးသွားတွေအနေနဲ့လည်း ကျယ်ကျယ်ပြန့်ပြန့်သတင်းရရှိလာရင် အထူးစိတ်ဝင်စားမည့် နယ်မြေဖြစ်ပါတယ်။ ရေရှည်မှာနိုင်ငံတော်အတွက်ရော၊ ဒေသခံပြည်သူလူထုအတွက်ပါ ဝင်ငွေများစွာရှာဖွေ

ပေးနိုင်အောင် ဖွံ့ဖြိုးရေးနယ်မြေအဖြစ် ယခုထက်ပိုမို ထိန်းသိမ်းစောင့်ရှောက်ဖို့အရေးတကြီး လိုအပ် လျက်ရှိပါတယ်ရှင်။ ဥယျာဉ်တည်ထောင်ခဲ့တဲ့ ရည်ရွယ်ချက်ခုနစ်ချက်မှာလည်း ဒီအချက်ဟာ အဓိက အချက်အနေနဲ့ ပါဝင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သဘာဝအခြေခံခရီးသွားနယ်မြေဖြစ်လာတာနှင့်အမျှ သဘာဝပတ်ဝန်းကျင်ကို ကြပ်မတ်ထိန်းသိမ်းဖို့ကလည်း အင်မတန်မှ အရေးကြီးလှပါတယ်။ ပင်ကိုဂေဟစနစ်ကို မထိခိုက်စေဘဲ ဧည့်သည်တွေ လည်ပတ်သွားလာနိုင်မည့် အခြေအနေတွေစီစဉ်ပေးရပါမယ်။ တောင်ပေါ်လမ်းတွေ၊ သန့်စင်ခန်းတွေ၊ ပတ်ဝန်းကျင်မညစ်နွမ်းစေမယ့် စားသောက်ဆိုင်တွေ၊ စနစ်တကျအမှိုက်စွန့်ပစ်တာ တွေစတာတွေဟာ လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံ့ဝင်ငွေတိုးတက် သလို ဒေသခံတွေဝင်ငွေတိုးတက်မှုလည်း အူမတောင့်ပြီး သီလစောင့်နိုင်ကာ သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်လာကြမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး မိုးတွင်းကာလဆိုရင် တောင်ပေါ်တက်ရောက်ဖို့ရန် လုံခြုံမှုမရှိတာကလည်း အားနည်းချက်တွေ ဖြစ်နေပါတယ်။ အခုလို သွားရောက်ဖို့ခက်ခဲတဲ့အတွက်လည်း မသမာတဲ့လူတွေအနေနဲ့ သစ်ခိုးထုတ်မှု တွေရှိနေပြီး သစ်တောဝန်ထမ်းများအနေနဲ့ အင်အားမလုံလောက်တဲ့အတွက်ကြောင့်ရော၊ ယာဉ်နဲ့ မော်တော်ဆိုင်ကယ်လို အထောက်အကူမလုံလောက်တဲ့အတွက်ကြောင့်ရော အခက်အခဲတွေ တွေ့နေ ရပါတယ်။ ၁၉၉၉ ခုနှစ်လောက်ကတည်းက မူလတပ်ဆင်လက်နက်အလက် ၂၀ ကို ပြန်လည်အပ်နှံခဲ့ ရတဲ့အတွက် ဝန်ထမ်းပြည်သူ့စစ်တွေအနေနဲ့ လက်နက်ကိုင်ဆောင်ခွင့်မရတော့တာကြောင့် စွန့်စား သွားရောက်ဖမ်းဆီးဖို့ရာဟာလည်း ခက်ခဲနေတာ သေချာပါတယ်။

ဒါကြောင့် သစ်တောဝန်ထမ်းများ ပြည်သူ့စစ်အဖွဲ့များကို လက်နက်များကို ပြန်လည်တပ်ဆင် ပေးဖို့ရန်အတွက် လိုအပ်နေပြီဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကျွန်မရဲ့ ပုလဲမြို့နယ်မှာ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၅ ရက်နေ့ကပဲ သစ်ကားများအား သွားရောက်ဖမ်းဆီးခဲ့တဲ့ မြို့နယ်သစ်တောဦးစီး ဌာနနှင့် မြို့နယ်ထွေအုပ်ဝန်ထမ်းတွေကို သစ်ခိုးထုတ်တဲ့သူတွေက ဓား၊ လှံ၊ လက်နက်တွေနဲ့ ကိုင်ဆောင်ပြီး ရန်ပြုတိုက်ခိုက်ပြီးတော့မှ သက်သေခံမော်တော်ယာဉ်ကို ပြန်လည်လုယူသွားတာ ယနေ့အချိန်အထိ ဖမ်းဆီးရမိမှုမရှိဘဲ ပျောက်ဆုံးနေတဲ့ဖြစ်စဉ်ကိုကြည့်ရင် ယာဉ်၊ လက်နက်မပြည့်စုံဘဲ တာဝန်ထမ်းဆောင်နေရတဲ့ ဝန်ထမ်းတွေရဲ့လုံခြုံရေးအတွက် စိတ်ပူပန်စရာတွေရှိနေပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားဥယျာဉ်နှင့် ပတ်ဝန်းကျင်ဆက်စပ်မြို့နယ်တွေကနေပြီးမှ ၂-၁၁-၂၀၁၆ ရက်နေ့အထိ ကျွန်း၊ ပိတောက်၊ တမလန်းနှင့် သစ်မာတန်ချိန် ၁၀၁၅.၆၉၃၂

ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် တရားဝင်ရော၊ တရားမဝင်ပါ ခုတ်နေတဲ့ သစ်ထုတ်လုပ်မှုပမာဏကို ခန့်မှန်းတွက်ချက်လို့ သိရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခုဆိုရင် ပြည်သူ့အစိုးရသစ်အနေနဲ့ သစ်ထုတ်လုပ်မှုလုပ်ငန်းတွေကို အကန့်အသတ်နှင့်ထိန်းချုပ်ပြီး သစ်တောတွေပြန်လည်ထူထောင်နေကြပါပြီ။ ဒါပေမဲ့ တရားမဝင်သစ်ထုတ်လုပ်မှုတွေကတော့ ဆက်ရှိနေပါသေးတယ်။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်လို နဂိုကတည်းက ထိန်းသိမ်းထားတဲ့နယ်မြေ၊ တန်ဖိုးရှိလှတဲ့ သမိုင်းဝင်နယ်မြေမှာ အခုထက်ပိုမိုကောင်းတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေနဲ့ အများပြည်သူအချိန်မရွေး သွားလာလည်ပတ်နိုင်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းချဲ့ထွင်ထူထောင်မယ်ဆိုရင် တရားမဝင်သစ်ထုတ်လုပ်မှုတွေကိုပါ ထိန်းချုပ်သွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အားဖြင့် ဒီနယ်မြေဒီဒေသကြီးကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ အစီအမံများကို ပွင့်လင်းမြင်သာစွာ သိရှိလိုတဲ့အတွက် ပြည်သူလူထုရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်အား Eco-Tourism (သဘာဝအခြေပြု ခရီးသွားလုပ်ငန်း)နယ်မြေအဖြစ် သတ်မှတ်ဖော် ဆောင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အမျိုးသား ဥယျာဉ်နယ်မြေအတွင်းရှိ သဘာဝအခြေခံများအား မည်သို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် သိရှိလိုခြင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။

**မူကြမ်း**

ကိုယ်စားလှယ်တော်ကြီး ခုနက တင်ပြတဲ့အတိုင်းပါပဲ ၁၉၈၀ ခုနှစ် အစောပိုင်းမှာ သစ်တော ဦးစီးဌာနနဲ့ UNDP တို့ပူးပေါင်းပြီးတော့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များ စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးတော့ သဘာဝနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းသင့်တဲ့နယ်မြေများကို ဖော်ထုတ်မှတ်တမ်းတင်ခဲ့တဲ့နေရာမှာ ၁၉၈၉ ခုနှစ်မှာ သတ်မှတ်ဖွဲ့စည်းခဲ့တဲ့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်လည်းအပါအဝင်ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ် ဧပြီလမှာတော့ စတင်ဖွဲ့စည်းခဲ့တဲ့ ကမ္ဘာ လှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲရေးကော်မတီကနေပြီးတော့ အထောက်အကူပြု ဆောင်ရွက်နိုင်ရေးအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ စတင်ဖော်ဆောင်ပြီးတော့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အပါအဝင် သဘာဝ အခြေခံခရီးသွားလုပ်ငန်းနေရာ ၁၅ နေရာကိုသတ်မှတ်ပြီးတော့ သဘာဝကိုအခြေခံတဲ့ခရီးသွားလုပ် ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်တဲ့နေရာမှာ အဓိကသုံးချက်ရှိပါတယ်။ (၁) ပတ်ဝန်း ကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေး၊ (၂) ခရီးသွားလုပ်ငန်းကြောင့် ဒေသခံပြည်သူ၏ လူမှုရေး နှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ သွင်ပြင်လက္ခဏာများကို ထိခိုက်မှုမရှိစေရေး၊ (၃) ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်နေတဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအစရှိတဲ့အချက်သုံးချက်ကို အဓိကထားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်ကိုလည်းပဲ သဘောဝအခြေခံခရီးသွားနယ်မြေလုပ်ငန်းအဖြစ်သာ သတ်မှတ်ပြီးတော့ သဘာဝ အခြေပြုအမျိုးသားဥယျာဉ်အသွင် ပီပြင်စွာဖြစ်တည်ရေးအတွက် အလေးထားပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒီမှာ ပြောမယ်ဆိုရင် တော့ Power Point မှာတင်ပြထားတဲ့အတိုင်းပါပဲ David Shepherd Wildlife Foundation နဲ့ FREDA ဖွဲ့တယ်။ နောက်တစ်ခါ FREDA အဖွဲ့နဲ့ WCS အဖွဲ့များကနေပြီးတော့ နောက်တစ်ခါက ASEAN Centre For Biodiversity-ACB အစရှိတဲ့ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီအပြင် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်မှာ သဘာဝအခြေခံခရီးသွား လုပ်ငန်းတိုးတက်ရေးအတွက် ဥယျာဉ်ကို ချဉ်းကပ်လမ်းများနှင့် ဥယျာဉ်အတွင်းကို သွားလာတဲ့လမ်း များဖြစ်တဲ့ ယင်းမာပင်-ကပိုင်လမ်း၊ ကပိုင်-သပိတ်ဆေး တောင်ဆင်းတောင်တက်လမ်းနှင့်

တရော်ကျင်း-ကပိုင်မြေပြန့်လမ်းများကို နှစ်စဉ်ပြုပြင်ပြီးတော့ ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝအနေအထားကိုတော့ တတ်နိုင်သမျှ ပျက်စီးမှုအနည်းဆုံးဖြစ်ရန်အတွက် လမ်းများကို ပြုပြင်ရန်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခရီးသွားရာသီမှသာ သွားလာနိုင်တဲ့လမ်းများအဖြစ် ပြုပြင်နိုင်တဲ့ အနေအထားလည်းရှိပါတယ်။ ရာသီမရွေးသွားလာနိုင်တဲ့ အဆင့်မြင့်လမ်းများအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ဥယျာဉ်ရဲ့အလားအလာကို လေ့လာသုံးသပ်ပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီနဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ရဲ့ဇီဝမျိုးစုံမျိုးကွဲများဟာ ၎င်းတို့ရဲ့ဂေဟစနစ်များကို ရေရှည်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥယျာဉ်ဘေးမဲ့တောဧရိယာကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်ကာကွယ်ထားပြီးတော့ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဘေးမဲ့တောအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ သစ်တောရဲတို့ဟာ ပူးပေါင်းအင်အားနဲ့ ကင်းလှည့်ထိန်းသိမ်းခြင်းများကိုလည်း လစဉ်စီမံချက်ရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောမူဝါဒမှာပါရှိတဲ့အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ ဒေသခံပြည်သူလူထုရဲ့ အသိနဲ့ယှဉ်တဲ့ ပူးပေါင်းပါဝင်မှုဟာ အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ၊ ဆွေးနွေးပွဲများကိုလည်း အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အနီးပတ်ဝန်းကျင်ရွာများမှာ လစဉ်ကျင်းပလျက်ရှိပါတယ်။ အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အပါအဝင် နယ်မြေ ၃၉ ခုမှာ ဂေဟစနစ်ပြန်လည်ကောင်းမွန်လာရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိပြီးတော့ ဒေသခံများလူမှုဘဝတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တောရိုင်းတိရစ္ဆာန်များ ပြန်လည်ကျက်စားလာရေး၊ ထိန်းသိမ်းရေးဆိုင်ရာ သိမြင်နိုးကြားမှုမြှင့်တင်ရေး၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်မှုနှင့် ထိန်းသိမ်းကာကွယ်မှုမြှင့်တင်ရေးနဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းအခွင့်အလမ်းများကို လေ့လာဖော်ထုတ်အသုံးချရေးအတွက် နေရင်းဒေသပြန်လည်တည်ထောင်ရေးစီမံချက် (Habitat Restoration Programme)ကို ၂၀၁၇-၂၀၁၈ ကနေပြီးတော့ ၂၀၂၆-၂၀၂၇ အထိ (၁၀)နှစ်စီမံကိန်းကို ရေးဆွဲလျက်ရှိပါတယ်။ အဲဒီစီမံချက်ထဲမှာဆိုလို့ရှိရင် နယ်မြေဇုန်သတ်မှတ်ခြင်း၊ လုံးဝထိန်းသိမ်းကာကွယ်ရမယ့် (Core Zone)၊ ပတ်ဝန်းကျင်ရှိ ကြိုးဝိုင်းဧရိယာများနှင့်ဆက်စပ်ပြီးတော့ ကြားခံနယ်မြေဇုန်၊ ဖွံ့ဖြိုးရေးဇုန်၊ ဘာသာရေးနယ်မြေဇုန်၊ ဆင်စခန်းဇုန် အစရှိသည်များပါပါတယ်။

ဝန်ထမ်းအင်အားများကိုလည်း ဖွဲ့စည်းပုံအတိုင်း ပြန်ဖြည့်တင်းပေးခြင်း၊ အခြေခံလိုအပ်တဲ့ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်မြင့်မားလာဖို့ သင်တန်းများ

**မူကြမ်း**

ဖွင့်လှစ်ပို့ချခြင်း၊ ဥယျာဉ်အတွင်းမှာရှိတဲ့ အပင်မျိုးစိတ်၊ တိရစ္ဆာန်မျိုးစိတ်နဲ့ ဂေဟစနစ်တို့ကို ကွင်းဆင်းစာရင်းကောက်ယူသုသေတနပြုလုပ်ခြင်း၊ လိုအပ်နေတဲ့သဘာဝအပင်နဲ့ တိရစ္ဆာန်များ စားသုံးတဲ့အပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ ဆားကျင်းများကို ပြန်လည်ဖြည့်တင်းပေးခြင်း၊ ဒေသ မျိုးရင်းများစိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပါပဲ ဒီမှာ ကျွန်တော်တို့အထဲမှာ သူခိုးထုတ်မှုတွေ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မကြာခဏလည်းပဲ ဖမ်းဆီးတဲ့အခါမှာ ကျွန်တော်တို့မှာလည်းပဲ ခုနက အခက်အခဲတွေအများကြီး ရှိပါတယ်။ ဥယျာဉ်ရဲ့ ကြားခံနယ်မြေမှာ ပတ်ဝန်းကျင်ဒေသမှာရှိတဲ့ ပြည်သူများနဲ့ပူးပေါင်းပြီးတော့ သဘာဝတောထိန်းသိမ်းခြင်းကို အခြေခံတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းလုပ်ငန်းများကိုလည်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အတွင်းရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ရေရှည်တည်တံ့နိုင်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန်အတွက် ဒေသခံပြည်သူများရဲ့ လူမှုစီးပွားရေးစနစ်များဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီးတော့ ဆက်လက်ပြီး ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံပိုင် သစ်တောမြေများအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်ရှည်ငှားရမ်းဆောင်ရွက်ပေးမှုများ နှင့်ပတ်သက်၍ စိုက်ပျိုးခွင့်ပြုပြီး မြေဇကနှင့်အညီ သတ်မှတ်ကာလအတွင်း အမှန်တကယ်စိုက်ပျိုး ပြီးစီးမှုရှိ/မရှိ၊ ခွင့်ပြုမထားသောလုပ်ငန်းနှင့်အပင်များ စိုက်ပျိုးထားခြင်းရှိ/မရှိ၊ ဥပဒေမဲ့ လွှဲပြောင်း ရောင်းချမှုများရှိ/မရှိ၊ မူ့တသည့်နှုန်းထားတို့နှင့်အညီ စိစစ်ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ကြွေးကျန်များရှိနေသေးလျှင် ဥပဒေနှင့်အညီ မည်သို့အရေးယူဆောင်ရွက်မည်ကို ရှင်းလင်းချပြနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းက သစ်တောဦးစီးဌာနပိုင် ကြိုးဝိုင်း၊ ကြိုးပြင်နှင့် သစ်တောမြေများအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့ ရော်ဘာ၊ ဆီအုန်းနှင့်

နှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ဖို့အတွက် ခွင့်ပြုချထားပေးတဲ့မြေနဲ့ပတ်သက်တဲ့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံပိုင်သစ်တောမြေတွေကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ခွင့်ပြုချက်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လုပ်ပိုင်ခွင့်တွေ ချထားပေးတာနဲ့ပတ်သက်လို့ ရော်ဘာစိုက်ပျိုးဖို့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၁ ခုမှာ ၁၆၂၁၀၆.၆၃ ဧက၊ ဆီအုန်းအတွက် တနင်္သာရီတိုင်းဒေသကြီးမှာ ၁၁၆၃၁၅ ဧက၊ စက်မှုကုန်ကြမ်းသီးနှံအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရှစ်ခုမှာ ၁၄၈၉၄၉.၉၁ ဧက၊ သစ်မာမျိုးစုံကို တစ်နိုင်ငံလုံးအနှံ့မှာ ၈၆၆၄၅.၂၄ ဧက၊ ကျွန်းစိုက်ပျိုးဖို့အတွက်လည်း တစ်နိုင်ငံလုံးအနှံ့မှာ ၁၃၈၀၈၀.၁၅ ဧက၊ သစ်တောမြေစုစုပေါင်း ၆၅၉၉၆.၉၃ ဧက စိုက်ပျိုးထားပြီးကြောင်းသိရပါတယ်။

ကျွန်တော် တင်ပြထားတဲ့အပင်အမျိုးအစားအလိုက် နိုင်ငံတော်ကရရှိနိုင်တဲ့ တစ်နှစ်တာဝင်ငွေအနေနဲ့ တစ်ဧကက ပေးသွင်းရတဲ့အခွန်နှုန်းတွေအနေနဲ့ ကျွန်းနှင့် သစ်မာမျိုးစုံစိုက်ခင်းအတွက် ၂၀၀ ကျပ်နှုန်း၊ ရော်ဘာအတွက် ပထမခုနှစ်နှစ်မှာ ၅၀၀ ကျပ်နှုန်းနှင့် ကျန်ခွင့်ပြုကာလတွေအတွက် ၁၀၀၀ နှုန်း၊ စက်မှုကုန်ကြမ်းဖြစ်တဲ့ ကြံ၊ ပီလောပီနံတို့လို တွေအတွက် ၁၀၀၀ ကျပ်နှုန်းသတ်မှတ်ကောက်ခံတာတွေ့ရပါတယ်။ နိုင်ငံပိုင်မြေငှားရမ်းတာနှင့်ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၃၁-၈-၂၀၁၂ ရက်စွဲနှင့် ထုတ်ပြန်ခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ အခန်း(၄) အပိုဒ် ၃၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)အရ အာမခံစပေါ်ငွေအနေနဲ့ မြေတစ်ဧကကို အာမခံစပေါ်ငွေ ၁၀၀၀၀ ကျပ်နှုန်းနဲ့ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)အရ နှစ်ရှည်ပင် တစ်ဧကကို ကျပ် ၃၀၀၀ နှုန်း၊ စက်မှုကုန်ကြမ်းတွေအတွက် ကျပ် ၁၀၀၀ နှုန်းနဲ့ နှစ်စဉ်အခွန်ပေးသွင်းဖို့ သတ်မှတ်ထားလို့ သစ်တောမြေငှားရမ်းမှုအနေနဲ့ အာမခံစပေါ်ငွေမရရှိသလို နှစ်ရှည်ပင်တွေအတွက် အခွန်ရငွေနှုန်းကတော့ ခေတ်ကာလအခြေအနေနဲ့ နှုန်းထားအလွန်နည်းနေတာတွေ့ရပါတယ်။ ပြီးတော့လည်း နိုင်ငံတော်သစ်တောမြေကို ငှားရမ်းခြင်းမပြုဘဲ ကျွန်းနှင့် ပျဉ်းကတိုးသစ်တွေ စိုက်ပျိုးမယ်ဆိုရင် နှစ် ၃၀ မှာ တန် ၃၀ ကျော် ထွက်ရှိလာမှာဖြစ်လို့ တစ်နှစ်တစ်တန်နှုန်းနဲ့ ကျွန်းသစ်လုံးတစ်တန်အပေါ်မှာ ၂၀၁၆ ခုနှစ် သစ်အတန်းအစား ခုနှစ်မျိုးရဲ့ ပျမ်းမျှပေါက်ဈေးအခြေခံနဲ့တွက်ချက်ကြည့်မယ်ဆိုရင် သစ်တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၂၀၀ ကျော်ရရှိမှာဖြစ်ပြီးတော့ စိုက်ပျိုးထိန်းသိမ်းထုတ်လုပ်တဲ့ ကုန်ကျစရိတ်အနေနဲ့ အများဆုံးငါးနှစ်လောက်ပဲကုန်ကျနိုင်ပါတယ်။ ဒါကြောင့် ကုန်ကျစရိတ်ကို ခန့်မှန်းဝင်ငွေရဲ့သုံးပုံတစ်ပုံ သတ်မှတ်မယ်ဆိုရင် အသားတင်ဝင်ငွေ တစ်နှစ် အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့် ကျန်ရှိနိုင်လို့ မြေတစ်ဧကကို မြန်မာငွေနဲ့

ကျပ် ၂.၅ သန်းလောက်ရနိုင်လို့ ငှားရမ်းခ ကျပ် ၅၀၀၊ ၁၀၀၀ လောက်နဲ့ အများကြီးကွာတာ တွေ့ရပါတယ်။

ပြီးတော့ မြေယာဥပဒေမှာပါတဲ့ နှုန်းတွေနဲ့ ချိန်ထိုးစိစစ်ကြည့်မယ်ဆိုရင် တစ်နှစ်မှာ ကျွန်းစိုက်ဧကအတွက် ကျပ်သန်း ၃၈၇ နီးပါး၊ သစ်မာမျိုးစုံအတွက် ကျပ်သန်း ၂၄၀ နီးပါး၊ ရော်ဘာစိုက်ဧကအတွက် ကျပ်သန်း ၃၄၃ သန်းကျော်နဲ့ ဆီအုန်းစိုက်ဧကအတွက် ကျပ်သန်း ၂၄၂ ကျော်ကျော် ရရှိနိုင်လို့ တစ်နှစ်ကို ကျပ်သန်းပေါင်း ၁၂၀၀ ကျော်လောက် နစ်နာမှုရှိတာ တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက်လည်း နစ်နာမှုမဖြစ်စေဖို့နဲ့ လုပ်ငန်းရှင်တွေအတွက်လည်း မျှတမှုရှိစေရေးအတွက် မေးခွန်းငါးခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ (၁) စိုက်ပျိုးခွင့်ပြုပြီး မြေဧကနဲ့အညီ သတ်မှတ်ကာလအတွင်း အမှန်တကယ်စိုက်ပျိုးပြီးမှုရှိ/မရှိနဲ့ မစိုက်ပျိုးနိုင်တဲ့မြေတွေကို ဥပဒေနဲ့အညီ မည်သို့အရေးယူဆောင်ရွက်ထားကြောင်းနဲ့ ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြနိုင်ခြင်းရှိ/မရှိ၊ (၂) မူလလျှောက်ထားချက်နှင့်အညီ ခွင့်ပြုထားတဲ့သီးနှံအပင်အမျိုးအစားအတိုင်း စိုက်ပျိုးခြင်းရှိ/မရှိ၊ ခွင့်ပြုချက်မဲ့၊ ခွင့်ပြုမထားတဲ့ လုပ်ငန်းနဲ့ အပင်တွေကို စိုက်ပျိုးခြင်းရှိ/မရှိ၊ စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်ထားမှုအခြေအနေကို ရှင်းပြနိုင်ခြင်းရှိ/မရှိ၊ ခွင့်ပြုသစ်တောဧရိယာအတွင်းမှာ ခွင့်ပြုထားတဲ့ သီးနှံနှင့် သစ်ပင်တွေ စိုက်ပျိုးခြင်းမရှိဘဲ မမှန်မကန်ဆောင်ရွက်ထားမှု၊ ဥပဒေမဲ့ လွှဲပြောင်းရောင်းချမှုများရှိ/မရှိနဲ့ ရှိမယ်ဆိုရင် အရေးယူဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ၊ (၄) သစ်တောမြေ ငှားရမ်းခနှုန်းထားတွေကို ခေတ်ကာလငွေတန်ဖိုးများနဲ့အညီ နိုင်ငံတော်အတွက် နစ်နာမှုမရှိစေရေးနဲ့ လုပ်ငန်းရှင်များအတွက်လည်း မျှတတဲ့နှုန်းထားတွေနဲ့အညီ စိစစ်ပြင်ဆင်ဆောင်ရွက်ဖို့ အစီအစဉ်ရှိလျှင် ပြောင်းလဲဆောင်ရွက်မယ့်ကာလကို ဖြေကြားနိုင်ခြင်းရှိ/မရှိနှင့်၊ (၅) လုပ်ပိုင်ခွင့်ပေးထားပြီး သစ်တောမြေများအတွက် နှစ်စဉ်ငှားရမ်းခများ အပြည့်အဝရရှိခြင်းရှိ/မရှိနဲ့ ကြွေးကျန်များရှိနေသေးလျှင် ဥပဒေနှင့်အညီ ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော စီးပွားရေးမူဝါဒအရ နိုင်ငံပိုင်သစ်တောများအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်ရှည်ငှားရမ်းဆောင်ရွက်ပေးဖို့နဲ့စပ်လျဉ်းပြီး မေးမြန်းလာတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ သစ်တောဥပဒေ(၁၉၉၂)အရ သစ်တောဦးစီးဌာနကနေပြီးတော့ စီမံခန့်ခွဲလျက်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော သစ်တောမြေများမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးသွားတဲ့တောများ တောအဆင့်အတန်းနိမ့်ကျပြီးတော့ ဓမ္မတာနည်းနဲ့ မျိုးဆက်ရန် ခက်ခဲတဲ့နေရာတွေကို ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်ခြင်းကို ၂၀၀၆ ခုနှစ် ပုဂ္ဂလိက သစ်မာစိုက်ခင်းတည်ထောင်ခြင်းကိုတော့ ၂၀၀၇ ခုနှစ်များမှာ စတင်ပြီးတော့ စည်းကမ်းချက်များ စနစ်တကျသတ်မှတ်ပြီးတော့ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မေးခွန်းအမှတ်(၁)၊ (၂)၊ (၃) ပါ စိုက်ပျိုးခွင့်ပြုပြီး မြေဧကနှင့်အညီ သတ်မှတ်ကာလအတွင်း အမှန်တကယ်စိုက်ပျိုးပြီးစီးခြင်းရှိ/မရှိနှင့် မစိုက်ပျိုးနိုင်သောမြေများကို ဥပဒေနှင့်အညီ မည်ကဲ့သို့မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားရကြောင်းနှင့် ဆောင်ရွက် ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြနိုင်ခြင်းရှိ/မရှိ၊ မူလလျှောက်ထားချက်နှင့်အညီ ခွင့်ပြုထား သောသီးနှံအပင်အမျိုးအစားအတိုင်း စိုက်ပျိုးခြင်းရှိ/မရှိ၊ ခွင့်ပြုချက်မဲ့ ခွင့်ပြုမထားသောလုပ်ငန်းနှင့် အပင်များစိုက်ပျိုးထားခြင်းရှိ/မရှိနှင့်၊ စစ်ဆေးဖော်ထုတ်အရေးယူ ဆောင်ရွက်ထားမှုများရှိ/မရှိနှင့် ရှိလျှင် ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ၊ ခွင့်ပြုထားသော သစ်တောမြေဧရိယာအတွင်း ခွင့်ပြုထားသော သီးနှံနှင့် သစ်တောမြေများ စိုက်ပျိုးထားခြင်းရှိ/မရှိနှင့် မမှန်မကန်ဆောင်ရွက်ထားမှုဥပဒေမဲ့ လွှဲပြောင်းရောင်းချမှုများရှိ/မရှိနှင့် ရှိပါက ဆောင်ရွက်ထားမှုများအခြေအနေကို ရှင်းလင်းတင်ပြပေးရန်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် တင်ပြပါမယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၁ ရက်နေ့အထိ ခွင့်ပြုချက်အားလုံး စိုက်ပျိုးပြီးတဲ့ဧရိယာကြည့်လို့ရှိရင် ကျွန်းကတော့ ဘယ်လောက်ရှိမလဲဆိုလို့ရှိရင် ၂၄၀၈၉၃ ဧကရှိပြီးတော့ သစ်မာကတော့ ၈၉၄၇၅ ဧကရှိပါတယ်။ အဲဒီအပြင်

နှစ်ရှည်သီးနှံဖြစ်တဲ့ ရော်ဘာ၊ ဆီအုန်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းဖြစ်တဲ့ ရော်ဘာ အစရှိသည်များကို စုစုပေါင်းဧကကိုကြည့်တဲ့အခါမှာ အားလုံး ၇၈၂၂၃၇ ဧကဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီစိုက်ဧကများကို စည်းကမ်းတကျမစိုက်တဲ့အတွက်ကြောင့်မို့လို့ ပြန်လည်သိမ်းဆည်းရတဲ့ ဧကများကတော့ ၅၇၀၂၇၀ ဧကဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဧကနှစ်သိန်းကျော်လောက်ပဲ အမှန်တကယ်မြေပြင်မှာ စိုက်တာကို တွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရဲ့ ကျွန်တော်တို့ အခု ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ စာအရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း၊ ကျွန်း၊ သစ်မာ၊ ရော်ဘာ၊ ဆီအုန်း နှစ်ရှည်စိုက်ခင်း တည်ထောင်တဲ့လုပ်ငန်းရှင်များက စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊ ရှင်သန်ဖြစ်ထွန်းမှု၊ အခြားမြေအသုံးချမှု ဆောင်ရွက်ထားမှုအခြေအနေတို့ကို တိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်မြို့နယ်တာဝန်ရှိသူများအဆင့်ဆင့်က ကွင်းဆင်းစစ်ဆေးပြီးတော့ သတ်မှတ်ထားတဲ့ကာလအတွင်း အမှန်တကယ်စိုက်ပျိုးခြင်းရှိ/မရှိနှင့် မစိုက်ပျိုးနိုင်သောမြေများကို ပြန်လည်သိမ်းဆည်းရန်အတွက် သဘောထားမှတ်ချက်နှင့် ပြန်လည်တင်ပြထားရန် ကျွန်တော်တို့ ထပ်မံအကြောင်းကြားထားပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ စာအရ သစ်တောနယ်မြေအတွင်းမှာရှိတဲ့ ပုဂ္ဂလိက ရော်ဘာစိုက်ခင်းများ တည်ထောင်ရန် စိုက်ပျိုးလုပ်ကိုင်ခွင့် ရှိတဲ့လုပ်ငန်းရှင်များမှ စာချုပ်ပါစည်းကမ်းများကို လိုက်နာခြင်းမရှိသဖြင့် စာချုပ်များအားပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းရန် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သဘောထားမှတ်ချက်ပြုရန် ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ညှိနှိုင်းမေတ္တာရပ်ခံချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးတော့ ချုပ်ဆိုထားသော စာချုပ်များအား ဖျက်သိမ်း၍ လုပ်ကိုင်ခွင့်ပြုထားသည့်မြေကို သစ်တောဦးစီးဌာနက ပြန်လည်သိမ်းဆည်းရန်လို့ အကြံပြုထားသဖြင့် အဲဒီအကြံပြုချက်အတိုင်း ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ အမှတ်(၄) မေးခွန်းမှာ သစ်တောမြေ ငှားရမ်းခနှုန်းထားများကို ခေတ်ကာလငွေတန်ဖိုးများနှင့်အညီ နိုင်ငံတော်အတွက် နစ်နာမှုမရှိစေရေးနှင့် လုပ်ငန်းရှင်များအတွက်လည်း မျှတသည့်နှုန်းထားနှင့်အညီ စိစစ်ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိလျှင် ပြောင်းလဲဖြေကြားမည့်ကာလ ဖြေကြားနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စာအရ အောက်ပါအတိုင်း ပြင်ရန်အတွက်ကို ကျွန်တော်တို့ ဆောင်ရွက်ထားပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ယခင်က နှုန်းထား

များနှင့် ယခုနှုန်းထားများကို တွေ့ရပါလိမ့်မယ်ခင်ဗျား။ အခုနက ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့ အတိုင်းပါပဲ။ ရော်ဘာဆိုလို့ရှိရင်လည်း အရင်တုန်းက ၅၀၀ နောက်ပြင်လို့ရှိရင် ၁၀၀၀၊ ဆီအုန်းဆိုလို့ ရှိရင်လည်းပဲ ၁၀၀ ကနေပြီးတော့ ၁၀၀၀၊ စက်မှုကုန်ကြမ်း ပီလောပီနံ၊ ကြံကိုလည်းပဲ ၅၀၀ ကနေ ၁၀၀၀ အဲဒီလိုပြင်ဆင်ရန်အတွက် ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ လက်ရှိအချိန်မှာတော့ ခွင့်ပြုပြီးလုပ်ငန်းရှင်အချို့နဲ့ ပုဂ္ဂလိက ကျွန်းနှင့် သစ်မာစိုက်ခင်းများကို စိုက်ပျိုးလုပ်ကိုင်ရာမှာ စိတ်ပါဝင်စားမှုအားနည်းခြင်းကြောင့် စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုမရှိဘဲ ပြန်လည်အပ်နှံခြင်း၊ မြေနေရာလက်ဦးမှုရယူရန်သာ အဓိကရည်ရွယ်ပြီးတော့ စိုက်ပင်ရှင်သန်မှု အလေးမထားဘဲ နှစ်စဉ်သက်တမ်းတိုးဆောင်ရွက်ခြင်းအကြောင်းကြောင်းကြောင့် စိုက်ခင်းအောင်မြင် မှုမရှိသဖြင့် မြေပြန်လည်သိမ်းယူရခြင်းများ ကြုံတွေ့နေရပြီးတော့ အဆိုပါလုပ်ငန်းရှင်များမှ စွန့်လွှတ် သွားတဲ့၊ ပျက်စီးပြုန်းတီးတဲ့သစ်တောမြေများကို လုပ်ငန်းရှင်များက တာဝန်ယူမှုနှင့် အာမခံမှုမရှိတဲ့ အပြင် လုပ်ငန်းအာမခံငွေပေးသွင်းရန် ပြဋ္ဌာန်းမထားသဖြင့် သစ်တောပြန်လည်တည်ထောင်ရန် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေကနေပြီးတော့ ကျခံသုံးစွဲရန်ဖြစ်နေသလို ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်နေ့ကနေပြီးတော့ ဆုံးဖြတ်ချက်အရ လုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိက ကျွန်းနှင့် သစ်မာစိုက်ခင်းများတည်ထောင်ရာ၌ ပိုမိုအလေးထားတာဝန်ယူဆောင်ရွက်စေရန်နှင့် ခွင့်ပြုဧရိယာ အား စွန့်လွှတ်မှုကြောင့် ပျက်စီးပြုန်းတီးမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေကျခံသုံးစွဲခြင်းမှ လျော့နည်း သက်သာစေရန်ရည်ရွယ်ပြီးတော့ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်လျက်ရှိတဲ့ ပုဂ္ဂလိက ကျွန်းနှင့် သစ်မာ စိုက်ခင်းများကို လုပ်ငန်းအာမခံငွေ (Performance Granting) တစ်ဧကကို ကျပ် ၅၀၀၀၀ ကြိုတင် ပေးသွင်းရန်နှင့် လုပ်ငန်းစီမံချက်ကာလကုန်ဆုံးသည်အထိ စီမံချက်ပါ ဧရိယာဧကအား ပြီးစီးရန်နှင့် သတ်မှတ်ရှင်ပင် ရာနှုန်းရရှိရင် ဆောင်ရွက်ခြင်းမရှိတဲ့ဧရိယာအားလုံးအတွက် သက်ဆိုင်ရာဘဏ်မှာ ထားရှိတဲ့လုပ်ငန်းအာမခံငွေ (Performance Granting) တွေကို ခရိုင်သစ်တောအရာရှိကနေပြီး တော့ သစ်တောဦးစီးရုံးချုပ်ရဲ့ အတည်ပြုချက်ကို ရယူပြီးတော့ သက်ဆိုင်ရာဘဏ်ကနေထုတ်ယူပြီး တော့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ပြဋ္ဌာန်းထားပါတယ်။ အဲဒီအပြင် သက်ရှိသတ်မှတ်အခွန် တော်နှုန်းထားများ၊ ပုဂ္ဂလိကလုပ်ငန်းများဆောင်ရွက်ရာမှာ တွေ့ကြုံနေရတဲ့အခက်အခဲများ ညှိနှိုင်း ပေါင်းစပ်ပေးမယ့် လုပ်နည်းများနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးအကြံပြုညှိနှိုင်းရန်အတွက် ဆွေးနွေးပွဲ များကို လာမယ့်မတ်လမှာ ကျင်းပရန်အတွက်လည်းပဲ စီစဉ်ထားပြီးဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ အမှတ်(၅)မေးခွန်း လုပ်ပိုင်ခွင့်ပေးထားပြီး သစ်တောမြေအတွင်း၌ နှစ်စဉ်ငှားရမ်းခများအပြည့်အဝရရှိခြင်းရှိ/မရှိနှင့် ကြွေးကျန်များရှိနေသေးလျှင် ဥပဒေနှင့်အညီ မည်သို့အရေးယူဆောင်ရွက်မည်ဆိုသည်ကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ သတ်တောဦးစီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မတ်လကုန်အထိ စာချုပ်ချုပ်ဆိုထားတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကနေပြီးတော့ သစ်တောမြေငှားရမ်းခ အပြည့်အဝကောက်ခံရရှိပြီးဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စစ်ဆေးရေးအဖွဲ့များကလည်းပဲ စစ်ဆေးအတည်ပြုပြီးဖြစ်ပါတယ်ခင်ဗျား။ ထို့အပြင် ကြိုးဝိုင်း၊ ကြိုးပြင်တောများအတွင်း ရော်ဘာ၊ ဆီအုန်းနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်တောများအတွင်း ရော်ဘာ၊ ဆီအုန်းနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးခဲ့တဲ့နေရာတွေမှာ စီမံချက်ပါအတိုင်း စိုက်ပျိုးနိုင်ခြင်းမရှိခြင်း၊ နှစ်ရှည်သီးနှံများစိုက်ပျိုးမှုမရှိခြင်း၊ အခြားမြေအသုံးချရန်ရည်ရွယ်ခြင်း စသည်တို့အပြင် သစ်တောဖုန်းလွှမ်းမှုကို FAO ကနေပြီးတော့ ကျွန်တော်တို့ ဆန်းစစ်ထားပါတယ်။ ဆန်းစစ်တဲ့အခါမှာ Resource Management က သူတို့ သတ်မှတ်ချက်အရ ရော်ဘာနှင့် ဆီအုန်းကို သစ်တောစိုက်ခင်းအဖြစ်မှ သတ်မှတ်ချက်လုံးဝမရှိတော့ပါဘူး။ အဲဒါကြောင့်မို့လို့ သစ်တောဖုံးလွှမ်းမှုဧရိယာလည်းပဲ လျော့နည်းလာခြင်း စတဲ့အတွက်ကြောင့်မို့လို့ ကြိုးဝိုင်း၊ ကြိုးပြင်တော၊ သစ်တောနယ်မြေများအတွင်း ရော်ဘာ၊ ဆီအုန်းနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်ခွင့်ကို လုံးဝခွင့်မပြုတော့ပါကြောင်းနှင့် စိစစ်ထောက်ခံချက်များကိုလည်း လုံးဝမပြုကြရန် တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးရဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ စာဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ နိုင်ငံတော်၏အကျိုးအမြတ် ၅၁ ရာခိုင်နှုန်းကို တာဝန်လွှဲပြောင်းချိန်အထိ မည်မျှရရှိခဲ့သနည်းနှင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ မည်သို့ဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် မေးခွန်းဖြေကြားပေးမယ့်ဝန်ကြီး၊ လွှတ်တော်တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်ကြီးများ၊ လေ့လာရေးလာရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ နိုင်ငံတော်၏အကျိုးခံစားခွင့်ရရှိမှုအခြေအနေကို မေးမြန်းမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှာ ၂၀၁၂ ခုနှစ်၊နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက် ၃ နာရီခန့်က စီမံကိန်းရပ်နားရန်အတွက် သပိတ်စခန်းဖွင့်ပြီး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေကြသော သံဃာတော်များအပါအဝင် ဒေသမှနေရာသိမ်းဆည်းခံရသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ပါတယ်။ သံဃာတော်အများအပြားနှင့် ဒေသခံပြည်သူအချို့ မီးလောင်ဒဏ်ရာများရရှိခဲ့ကြပါတယ်။ ထိုသို့အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး အစိုးရမှ ဖြစ်စဉ်ကို လေ့လာစုံစမ်းရန် ဒေါ်အောင်ဆန်းစုကြည်(ဥက္ကဋ္ဌ) အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ဖွဲ့ခဲ့ပါတယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ အစီရင်ခံစာကိုလည်း ယခင်နိုင်ငံတော်သမ္မတထံ အစီရင်ခံခဲ့ပြီးဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့လည်း သမ္မတထံအစီရင်ခံစာတင်ပြီး အလုပ်တာဝန်များ ရပ်ဆိုင်းသွားပါတယ်။ နောက်ထပ်စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ အစီရင်ခံစာပါကိစ္စရပ်များ အကောင်အထည်ဖော်ရန် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ဟု အဖွဲ့တစ်ဖွဲ့ပေါ်ပေါက်လာပါတယ်။ အဲဒီအဖွဲ့ကပဲ အစီရင်ခံစာပါကိစ္စရပ်များကို ဖော်ဆောင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သိချင်တာက အစီရင်ခံစာပါ အရေးကြီးအချက်ဖြစ်တဲ့ ကြေးနီစီမံကိန်းမှအကျိုးအမြတ်ကို နိုင်ငံတော်မှ ၅၁ ရာခိုင်နှုန်း၊ တရုတ်ဝမ်ပေါင်ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၁၉ ရာခိုင်နှုန်း အချိုးကျရရှိရန်ပါရှိပါတယ်။ ဒါကြောင့်မို့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်ဖြစ်သော နိုင်ငံတော်ရဲ့အကျိုးအမြတ် ၅၁ ရာခိုင်နှုန်းကို (က) ဘယ်လ၊ ဘယ်နှစ်ကစပြီး ရရှိခဲ့ပါသလဲ၊ (ခ) ၂၀၁၆ ခုနှစ်၊ မတ်လကုန် တာဝန်လွှဲပြောင်းချိန်အထိ ဘယ်လောက်ရရှိခဲ့ပါသလဲ၊ (ဂ) ၂၀၁၆ ခုနှစ် တာဝန်လွှဲပြောင်းပြီးနောက်ပိုင်း ဧပြီလမှစ၍ မည်သို့ဆောင်ရွက်သွားမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်ဖြစ်သော နိုင်ငံတော်၏အကျိုးအမြတ် ၅၁ ရာခိုင်နှုန်းကို ဘယ်လ၊ ဘယ်နှစ်ကစပြီး ရရှိခဲ့ပါသလဲ၊ တာဝန်လွှဲပြောင်းပြီးအချိန်အထိ ဘယ်လောက်ရရှိခဲ့ပါသနည်း၊ ၂၀၁၆ ခုနှစ် တာဝန်လွှဲပြောင်းပြီးတဲ့နောက်ပိုင်း ဧပြီလမှစ၍ မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၅-၅-၂၀၁၀ ရက်စွဲပါ ခွင့်ပြုမိန့်အရ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၅-၃-၂၀၁၀ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်(၀၀၃/၂၀၁၀)တို့အရ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝမ်ပေါင် Mining လီမိတက်တို့ပူးပေါင်းပြီး မြန်မာ-ဝမ်ပေါင် Mining Copper Ltd. ကို တည်ထောင်ပြီးတော့ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း ကတ်သုတ်ကြေးနီထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ကန်ထရိုက်စာချုပ်ကို ၃-၆-၂၀၁၀ ရက်နေ့မှာချုပ်ဆိုခဲ့ပြီး သတ္တုတွင်းထူထောင်မှုများကို ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးကော်မရှင်ရဲ့အကြံပြုချက်အရ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်း ကတ်သုတ်ကြေးနီ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ ပြင်ဆင်ချက်စာချုပ်ကို ၂၄-၇-၂၀၁၃ ရက်နေ့မှာ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လုပ်ငန်းနှင့် ဝမ်ပေါင် Mining ကုမ္ပဏီလီမိတက်တို့က လက်မှတ်ရေးထိုးပြီးတော့ ပြင်ဆင်ချုပ်ဆိုခဲ့ပါတယ်။ ပြင်ဆင်ချက်စာချုပ်အရ နိုင်ငံတော်က ဓာတ်သတ္တုခွန်(Royalty)၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ ခွဲဝေမှုအချိုးစုစုပေါင်း ၅၁ ရာခိုင်နှုန်းနဲ့ ကုမ္ပဏီက ၄၉ ရာခိုင်နှုန်းနဲ့ ကြေးနီထုတ်လုပ်မှုအပေါ်မှာ ခွဲဝေခံစားမှာဖြစ်ပါတယ်။ ယခင်သတ္တုတွင်းဝန်ကြီးဌာနရဲ့ခွင့်ပြုမိန့်အရ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် သတ္တုတွင်းထူထောင်မှုကာလဟာ ၅-၃-၂၀၁၀ ရက်နေ့ကနေပြီးတော့ ၄-၃-၂၀၁၃ ရက်နေ့အထိ သုံးနှစ်ဖြစ်ပါတယ်။ ယခင်ခွင့်ပြုထားတဲ့ထူထောင်မှုကာလ သုံးနှစ်ဖြစ်ပင်ဖြစ်ငြားသော်လည်းဘဲ ဒေသခံကျေးရွာပြည်သူလူထုနဲ့ ညှိနှိုင်းဆောင်ရွက်မှုများကြောင့် လုပ်ငန်းနှောင့်နှေးရပြီး

ထုထောင်မှုကာလကို ပထမအကြိမ်နဲ့ ဒုတိယအကြိမ် စုစုပေါင်း ထုထောင်မှုကာလဟာ ၅-၃-၂၀၁၀ ရက်နေ့ကနေပြီးတော့ ၄-၅-၂၀၁၆ ရက်နေ့အထိ စုစုပေါင်း ခြောက်နှစ်နှင့်နှစ်လ ကြာမြင့်ခဲ့ပါတယ်။ တကယ်တမ်းစီးပွားဖြစ်ထုတ်လုပ်မှုကိုတော့ ၅-၅-၂၀၁၆ ရက်နေ့ကနေစပြီး သတ်မှတ်ခဲ့ပြီးတော့ ထွက်လာတဲ့ ကတ်သုတ်ကြေးနီများကို ပြင်ဆင်ချက်စာချုပ်ပါ ခွဲဝေမှုများနှင့်အညီ ခွဲဝေဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ရဲ့အကျိုးအမြတ် ၅၁ ရာခိုင်နှုန်းကိုတော့ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်နေ့ နောက်ပိုင်းကစပြီးတော့ ရရှိမှာဖြစ်ပါတယ်။ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်း စီမံကိန်းရဲ့ထုတ်လုပ်မှုစတင်တဲ့ ၁၁-၃-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၃၁-၁-၂၀၁၇ ရက်နေ့အထိ ကတ်သုတ်ကြေးနီထုတ်လုပ်မှုစုစုပေါင်းကတော့ မက်ထရစ်တန်အားဖြင့် ၂၄၅၉၃.၈၉၅ တန်ဖြစ်ပါတယ်ခင်ဗျား။ စီမံကိန်းကနေပြီးတော့ ထုတ်လုပ်ရရှိတဲ့ကြေးနီများကို အကျိုးအမြတ်ကိုတော့ ကျွန်တော်တို့ Power Point မှာ လွယ်ကူအောင် ကျွန်တော်တင်ပြထားပါတယ်။ ပုံသေနည်းလေးနဲ့ တွက်လို့ရအောင်လို့ တင်ပြထားပါတယ်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကနေပြီးတော့ လစဉ်ထုတ်လုပ်ရရှိတဲ့ ကတ်သုတ်ကြေးနီများအပေါ်မှာ အဆိုပါလရဲ့ပျမ်းမျှ LME- London Metal Exchange Market ရဲ့ ဈေးနှုန်းအပေါ်မှာအခြေခံပြီးတော့ စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ လစဉ်ခွဲဝေလျက်ရှိပြီးတော့ ဝန်ကြီးဌာနမှရရှိတဲ့သတ္တုခွန်နှင့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းဝေစုအချိုးကို In Kind ပစ္စည်းအနေနဲ့ ကျွန်တော်တို့ လက်ခံရရှိခဲ့ပါတယ်။ ကုမ္ပဏီများက အမှန်ရောင်းရတဲ့ ငွေရဲ့အပေါ်မှ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များကိုတော့ သက်ဆိုင်ရာဦးစီးဌာနကနေတစ်ဆင့် နိုင်ငံတော်ကို ပေးသွင်းသွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ တာဝန်လွှဲပြောင်းချိန်အထိ ဘယ်လောက်ရရှိပါသလဲ၊ ၂၀၁၆ ခုနှစ် တာဝန်လွှဲပြောင်းပြီးနောက်ပိုင်း ဧပြီလမှစပြီးတော့ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့ စီမံကိန်းရဲ့သဘောသဘာဝအရ အနီးစပ်ဆုံးကာလဖြစ်တဲ့ စီးပွားရေးစတင်ထုတ်လုပ်တဲ့နေ့ရက်မတိုင်မီ ၁၁-၃-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၄-၅-၂၀၁၆ ရက်နေ့အထိ ကတ်သုတ်ကြေးနီအားလုံး မက်ထရစ်တန် ၁၃၂၇.၃၉ တန်ထုတ်လုပ်ခဲ့ပြီးတော့ ဓာတ်သတ္တုခွန်၊ အမှတ်(၁) သတ္တုတွင်းထုတ်လုပ်မှုခွဲဝေမှုအချိုးနှင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၉၀၇၄၉.၀၈၈ ရရှိမှာဖြစ်ပါတယ်။ စီးပွားဖြစ်ထုတ်လုပ်တဲ့၊ စတင်တဲ့ ၅-၅-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၃၁-၁-၂၀၁၇ ရက်နေ့အထိကတော့ ကတ်သုတ်ကြေးနီမက်ထရစ်တန် ၂၃၂၆၆.၅၀၄ တန် ထုတ်လုပ်ခဲ့ပြီးတော့ ဓာတ်သတ္တုခွန်၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းခွဲဝေမှုအချိုး၊

ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၉၉၀၈၇၆.၉၁ ရရှိမှာဖြစ်ပါတယ်။ Power Point မှာတင်ပြတဲ့အတိုင်း In Kind ပစ္စည်းအနေနဲ့ ရရှိတဲ့စုစုပေါင်း ဓာတ်သတ္တုခွန် ကတ်သုတ်ကြေးနီ ၉၈၃.၇၅၆ မက်ထရစ်တန်နှင့် အမှတ်(၁) သတ္တုတွင်းဝင်ငွေလုပ်ငန်းခွဲဝေမှုအချိုး ၁၆၈၂.၄၁၇ မက်ထရစ်တန်တို့ကို အခါအားလျော်စွာ ကျွန်တော်တို့တင်ဒါခေါ်ပြီးတော့ ရောင်းဝယ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုဖြေကြားပေးတဲ့ဝန်ကြီးကိုလည်း ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်တို့အားလည်းနာပါတယ်။ ဒါပေမဲ့ တစ်ဆက်တစ်စပ်တည်း မေးခွန်းနှစ်ခုကိုတော့ မေးခွင့်ပြုပါခင်ဗျား။ ပထမမေးခွန်းကတော့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းမှာ ပြဿနာဖြစ်တယ်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ ယခင်သမ္မတထံကို ကော်မရှင်အစီရင်ခံစာတင်တယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှာ စုံစမ်းရေးကော်မရှင်ရဲ့အကြံပြုချက်အရ ပြင်ဆင်စာချုပ် ချုပ်ဆိုတယ်ဆိုတော့ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာတော့ ရမယ်ထင်ပြီး ကျွန်တော်တို့မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါနဲ့ ဝန်ကြီးက ထူထောင်ရေးကာလ တစ်နှစ်ခွဲ၊ နှစ်ကြိမ်တိုးပါတယ်လို့ ဆိုပါတယ်။ ထူထောင်ရေးကာလ တစ်နှစ်ခွဲ နှစ်ကြိမ်တိုးခြင်းဟာ ဥပမာနဲ့ပြောရရင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ခံရတုန်းကလို ဥပဒေနဲ့တိုးခြင်းလား၊ ဒါမှမဟုတ် အစီရင်ခံစာပါကိစ္စရပ်များ ဖော်ဆောင်ရေးအဖွဲ့နှင့် သတ္တုတွင်းဝန်ကြီးဌာနတို့ သဘောထားမှတ်ချက်၊ အစည်းအဝေးဆုံးဖြတ်ချက်တွေနဲ့ပဲ တိုးခြင်းလား။ ဒါမှမဟုတ် ဘယ်နည်းလမ်း၊ ဘယ်စည်းကမ်းတွေနဲ့ တိုးတယ်ဆိုတာ ပထမအနေနဲ့ သိချင်ပါတယ်။ ဒုတိယမေးခွန်းကတော့ ကျွန်တော့်မေးခွန်းတင်တာဟာ ၄-၅-၂၀၁၆ ရက်နေ့မှ တင်တာဖြစ်ပါတယ်။ ယခု ၅-၅-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်သို့ စတင်ပေးနေပါပြီဆိုတော့ ကျွန်တော်မေးပြီးနောက်ရက်မှာပဲ လာရတော့ ဝမ်းသာပါတယ်။ ယခု ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်ဆိုတော့ နိုင်ငံတော်ရရှိမှုဟာ။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းဘာမေးချင်တာလဲ။ မေးချင်တဲ့ မေးခွန်းကို စောစောတုန်းက ကိုယ်မေးတဲ့မေးခွန်းနဲ့ ဝန်ကြီးဖြေတာနဲ့ ဘာကွဲလွဲသလဲ။ အဲဒီကွဲလွဲတဲ့အပေါ်မှာ တစ်ဆက်တစ်စပ်တည်းမေးရမှာ ဖြစ်တယ်။ ကိုယ်ပြောချင်တာတွေကို အသစ်ထပ်ဖြည့်ပြီး ပြောလို့တော့မရဘူး။ တစ်ဆက်တစ်စပ်တည်းမေးချင်ရင် တိုတိုနဲ့လိုရင်းပဲမေးပေးပါ။

**မူကြမ်း**

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဒီတစ်နှစ်ခွဲ နှစ်ကြိမ်တိုးတယ်ဆိုတဲ့ အနေအထားက ဘယ်စည်းမျဉ်း၊ ဘယ်မူနဲ့တိုးတယ်ဆိုတာပဲ သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ အဲဒီဟာတော့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ဒေသခံများနှင့် မပြေမလည်ဖြစ်တဲ့ အခါကြောင့်မို့လို့ သတ္တုတွင်းဝန်ကြီးဌာနကနေ တင်ပြပြီးတော့ အဲဒီရဲ့အပေါ်မှာ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနကို တင်ပြပါတယ်။ တင်ပြတဲ့အပေါ်မှာ လုပ်ငန်းအခြေအနေသွားရောက် စစ်ဆေးပါတယ်။ စစ်ဆေးတဲ့အခါမှာ တကယ်ကိုပဲ ဘယ်လိုမှလုပ်ငန်းက ပြီးဆုံးနိုင်ခြင်းမရှိတဲ့အတွက် ကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ပဲ ကျွန်တော်တို့ တိုးတယ်လို့ပဲ သိရပါတယ်။ သို့သော် အတိအကျကို ဘယ်နေ့၊ ဘယ်လ၊ ဘယ်စာဆိုတာ ထပ်ပြီးတော့ ကျွန်တော်အကြောင်းကြားပေးပါ မယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ မေးခွန်းတွေကို မေးတဲ့အခါမှာ တစ်ဆက်တစ်စပ်တည်းဆိုတာ အဲဒါလေးကို ကျွန်တော်တို့ကိုယ်စားလှယ်များ တော်တော်များများ နားလည်သဘောပေါက်ဖို့တော့ လိုပါတယ်။ တစ်ဆက်တစ်စပ်တည်းဆိုတာက ဒီမေးခွန်းကို ဆွဲဆန့်ပြီးတော့ တခြားမေးခွန်းအသစ်တွေ၊ အသစ်တွေကို ဆက်စပ်တာကို တစ်ဆက်တစ်စပ်တည်းပြောတာမဟုတ်ဘူး။ ကိုယ်မေးလိုက်တဲ့ မေးခွန်း ဝန်ကြီးက ပြန်ဖြေတယ်။ ကိုယ်လိုချင်တဲ့မေးခွန်းကို လိုရင်းမရောက်ဘဲနဲ့ ဝန်ကြီးဖြေတာနဲ့ ကွဲလွဲရင် အဲဒီကွဲလွဲတဲ့အပေါ်မှာ တစ်ဆက်တစ်စပ်တည်း မေးတာ။ အဲဒါက တစ်ဆက်တစ်စပ်တည်းမေးခွန်းရဲ့ သဘောသဘာဝ။ ဝန်ကြီးက ဖြေပြီးပြီ။ ဖြေပြီးတဲ့အပေါ်မှာ ကိုယ်မေးတုန်းက ဒါတွေမပါဘူး။ ကိုယ်မေးတဲ့အထဲမှာလည်း မပါဘူး။ ကိုယ်မေးတဲ့အထဲမှာမပါတော့ ဝန်ကြီးက မေးတဲ့အထဲမှာပါတာပဲ ဖြေပေးတယ်။ ဖြေပြီးတဲ့အခါမှာ နောက်တခြားကျန်တာ၊ ကျန်တာတွေကို လိုက်ပြီးတော့ ဒီမေးခွန်းနဲ့ ဆက်စပ်တယ်ဆိုပြီးတော့ အဲဒီလိုဆွဲဆန့်ဆက်စပ်လို့ တစ်ဆက်တစ်စပ်တည်းမဟုတ်ဘူး။ အဲဒါကို ကျွန်တော်အမြဲ ဒီမှာသုံးလေးကြိမ်ရှိပါပြီ။ ကျွန်တော်အမြဲ ကိုယ်စားလှယ်တော်ကြီးများကို ရှင်းပြတယ်။ အဲဒါလေးကို ကျွန်တော်တို့ သဘောပေါက်ဖို့တော့လိုပါတယ်။ မေးခွန်းမေးတယ်ဆိုတာ ကိုယ်မေးတဲ့ မေးခွန်းကို ထိထိရောက်ရောက်နဲ့ ကိုယ်လိုချင်တဲ့အဖြေကိုရဖို့ဆိုတာ အဲဒီလိုလေး ကျွန်တော်တို့ လွှတ်တော်ရဲ့ အခွင့်အရေးလည်းမဆုံးရှုံးအောင်၊ ကိုယ်စားလှယ်တွေအခွင့်အရေးလည်းမဆုံးရှုံးအောင်၊

လွှတ်တော်ရဲ့ကိုယ်စားလှယ်တွေရဲ့ အရည်အသွေးလည်း ပိုပြီးတော့မြင့်မားလာအောင် အဲဒါလေးတွေကို လေ့ကျင့်စေချင်ပါတယ်။ အဲဒါလေးတွေကိုလည်း နောက်ကို သတိထားပြီးတော့ မေးကြစေချင်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ကလည်း ကိုယ်စားလှယ်တွေမေးတဲ့မေးခွန်းကို တိုတိုနဲ့လိုရင်း၊ ထိထိမိမိ ဖြေဖို့လည်းလိုပါတယ်။ ကိုယ်စားလှယ်တွေက မေးလိုက်တဲ့မေးခွန်းအပေါ်မှာ ဝန်ကြီးဌာနကလည်း အရှိကို အရှိအတိုင်း၊ ပကတိအရှိအတိုင်းပဲ ဖြေစေချင်ပါတယ်။ ဝန်ကြီးဌာနကလည်း ဝေ့ဝိုက်၊ သွယ်ဝိုက်ပြီး ဖြေမနေပါနဲ့။ အဲဒီလိုလည်း ဝန်ကြီးဌာနဘက်ကလည်း ကျွန်တော်တို့ကို ဒါလေးကိုတော့ ကြိုးစားပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ ၁၉-၁၂-၂၀၁၆ ရက်နေ့တွင် တင်သွင်းတဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ခုနစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မို့မို့အောင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသော ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း)ဒေသအဖြစ်

သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ ရှင်။ အဆိုရှင်တင်တဲ့ Ecotourism အကြောင်း တင်ပြသွားတာ ပြည့်စုံလှပါတယ်။ ငွေအများကြီး စိုက်ထုတ်ရင်းနှီးစရာမလိုဘဲ ဒေသအတွင်း သဘာဝအလျောက် ထူးခြားစွာတည်ရှိနေသည့် ဂေဟ ပတ်ဝန်းကျင်ကြောင့် ပြုပြင်ပြောင်းလဲမှုများ အထွေအထူးလုပ်ဆောင်စရာမလိုဘဲ နိုင်ငံတော်အတွက် ဝင်ငွေတိုးပွားစေမည့် အခြေအနေတစ်ခုဖြစ်ကြောင်း မှတ်သားရပါတယ်။ ပုံတောင်ပုံညာဒေသအား Ecotourism ဒေသအဖြစ် သတ်မှတ်ပေးပါက နိုင်ငံတော်နှင့်ဒေသအတွင်း ဝင်ငွေတိုးတက်လာ ရုံသာမက ဆက်စပ်အကျိုးအမြတ်များဖြစ်ကြသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်၊ လူမှုရေးအကျိုးအမြတ်တို့အပြင်၊ ဖွံ့ဖြိုးရေးအကျိုးအမြတ်ပါရရှိနိုင်တာကြောင့် အဆိုကိုထောက်ခံ ရခြင်းဖြစ်ပါတယ်။ ဂေဟအကျိုးပြုခရီးသွားလုပ်ငန်းဟာ သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေ ထိန်းသိမ်းစောင့်ရှောက်ရတာဖြစ်တာကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်ကိုရရှိမှာဖြစ် ပြီး ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ နေထိုင်မှုပုံစံများကိုပါ ထိန်းသိမ်းရမှာဖြစ်တဲ့အတွက် လူမှုရေးအကျိုးအမြတ်ကို ထပ်ရမှာဖြစ်ပါတယ်။ အဆိုပါဒေသအား ဂေဟအကျိုးပြုခရီးသွား ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်ပေးပါက လိုအပ်သောအခြေခံအဆောက်အအုံများ၊ လမ်း၊ တံတား၊ လျှပ်စစ်၊ ရေ၊ ကျန်းမာရေးစတာတွေကို ဆောက်လုပ်ရမည်ဖြစ်သောကြောင့် ဒေသတွင်းကုန်စည် စီးဆင်းမှုကို မြန်ဆန်စေပြီး ဒေသဖွံ့ဖြိုးမှုကို ဒေသခံများတိုက်ရိုက်ခံစားရမည်ဖြစ်တာကြောင့် ဖွံ့ဖြိုးရေး အကျိုးအမြတ်ကိုပါ ရရှိမှာဖြစ်ပါတယ်။ Ecotourism လုပ်ငန်းဆိုတာ သဘာဝပတ်ဝန်းကျင်နှင့် တိုင်းပြည်ဝင်ငွေတိုးပွားရေးကိုသာ အာရုံစူးစိုက်ထားတဲ့လုပ်ငန်းမဟုတ်ပါဘူး။ ၎င်းလုပ်ငန်းနှင့် ဆက်စပ်နေတဲ့ အခြားခရီးသွားလုပ်ငန်းများပေါ်ပေါက်လာခြင်းဖြင့် ဒေသခံများ ဗဟုသုတတိုးပွားရုံ သာမက ဒေသခံများ အခြားနေရာများသို့ ရွှေ့ပြောင်းစရာမလိုဘဲ မိမိဒေသအတွင်းမှာ ကိုယ်ပိုင်ဝင်ငွေ များရရှိနိုင်မယ့်လုပ်ငန်းမျိုး ဖြစ်ပါတယ်။ ဥပမာ- တောလမ်းလျှောက်ခြင်းနှင့် တောင်တက်ခရီးသွား လုပ်ငန်းများဖြစ်ကြသော ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Base Ecotourism)ဆိုရင် ဒေသခံများကိုသာ လမ်းများအဖြစ် ငှားရမ်းရမည်ဖြစ်သောကြောင့် ဒေသခံများ တိုက်ရိုက်ဝင်ငွေရရှိ နိုင်ပြီး ခရီးသွားများထံမှ အတွေ့အကြုံများကိုလည်း သင်ယူနိုင်မည့်အခွင့်အရေးကို ဒေသခံများရရှိမှာ ဖြစ်ပါတယ်။ ဒေသခံများနှင့်အတူတကွနေထိုင်သည့် Home Stay လုပ်ငန်းများ ပေါ်ပေါက်လာခြင်း ဖြင့်လည်း ဒေသခံများဟာ ဝင်ငွေအပြင် ဗဟုသုတများပါ ရရှိနိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ပုံတောင်ပုံညာဒေသအား Ecotourism ဒေသအဖြစ်သတ်မှတ်ပေးရေးအဆိုကို ထောက်ခံဆွေးနွေးတင်ပြရခြင်းမှာ ဒေသဖွံ့ဖြိုးရေးအတွက်သာ မဟုတ်ဘဲ ဒေသအတွင်းဖြစ်ပေါ်နေသော သစ်ခိုးထုတ်ခြင်းလိုပြဿနာမျိုးသာမက စည်းကမ်းမဲ့ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲနေသော ပြဿနာမျိုးကိုပါ လျော့ကျသွားစေနိုင်သည့် အလားအလာကို ကြိုတင်မှန်းဆမိနေခြင်းကြောင့် ဖြစ်ပါတယ်။ ပုံတောင်ပုံညာဒေသအား ဂေဟ အကျိုးပြုခရီးသွားလုပ်ငန်း တည်ထောင်ပေးခြင်းဖြင့် ဒေသထွက်ကုန်များ ရိုးရာအစားအသောက်များ ကို ရောင်းချနိုင်မည်ဖြစ်သောကြောင့် ဒေသအတွင်းတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများပေါ်ပေါက် လာပြီး ဒေသခံများဟာ အခြေခံလူတန်းစားဘဝမှ လူလတ်တန်းစားဘဝကို ပြောင်းလဲနိုင်မှာဖြစ်ပါ တယ်။ ဒါဟာ ယခုတာဝန်ယူဆောင်ရွက်နေတဲ့ နိုင်ငံတော်အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများနှင့်လည်း ထပ်တူကျနေပါတယ်။ မိမိဒေသအတွင်း ဒေသထွက်ကုန်များ၊ ရိုးရာအစားအစား များ ရောင်းချသည့်လုပ်ငန်းများ တွင်ကျယ်လာသည်နှင့်အမျှ ဒေသခံလူငယ်များဟာ မိမိဒေသအပေါ် ယုံကြည်သည့်စိတ်၊ မိမိတို့ဓလေ့ရိုးရာနှင့်လူမျိုးအပေါ် ဂုဏ်ယူသည့်စိတ်ဓာတ်များပေါ်ထွန်းလာပြီး မိမိဒေသကိုချစ်တတ်သည့် အလေးထားတတ်သည့်လူငယ်များ ပေါ်ထွက်လာနိုင်မည် ဖြစ်ပါတယ်။ ဒေသတွင်း ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း ထွန်းကားလာပါက ရေရှည်တည်တံ့နိုင်ရေးကို ဆောင်ရွက်ရာတွင် ဒေသခံများပူးပေါင်းပါဝင်ခွင့်ရရှိမှာဖြစ်ပြီး ဒေသခံများသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော အားလုံးပါဝင်နိုင်ရေးကို နားလည်ကျင့်သုံးလာကြမည့်အပြင် ဒေသခံများအနေ ဖြင့် မိမိဒေသ၏ကံကြမ္မာကို မိမိတို့ဆုံးဖြတ်နိုင်ခွင့် အခွင့်အရေးများကိုလည်း ရရှိခံစားလာနိုင်မည် ဖြစ်ပါတယ်။ ပုံတောင်ပုံညာဒေသအား ဂေဟအကျိုးပြုခရီးသွားလုပ်ငန်းအဖြစ် တိုးတက်လာမည်ဆိုပါ က ဒေသခံများနှင့် နိုင်ငံတော်အစိုးရတို့သာ အကျိုးအမြတ်ခံစားရမည်မဟုတ်ဘဲ ယခုလက်ရှိ မြန်မာ နိုင်ငံ၏ မြို့ကြီးများတွင်ဖြစ်ပွားနေသော ပြဿနာများကိုလည်း ကူညီဖြေရှင်းပေးရာရောက်ပါမယ်။ ဥပမာ- ရန်ကုန်ကဲ့သို့သောမြို့ကြီးများဟာ လူဦးရေအဆမတန်တိုးပွားလာသည့် ပြဿနာကို ခံစားနေရ ပါတယ်။ ၁၉၇၃ ခုနှစ်တွေမှာ လူဦးရေ သုံးသန်းကျော်ကျော်လေးသာရှိတဲ့ ရန်ကုန်မြို့ကြီးဟာ ၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေ ခုနစ်သန်းကျော်အထိ တိုးပွားလာတာဖြစ်ပါတယ်။ တိုးပွားလာသည့် လူဦးရေနှင့်ကိုက်ညီတဲ့ မိလ္လာစနစ်၊ ရေစနစ်၊ ခရီးသွားလာရေးစနစ်များမရှိခြင်းကြောင့် အခက်အခဲ ကြုံနေရပါတယ်။ ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးတော်တော်များများမှာ လူဦးရေအဆမတန် တိုးပွားလာတဲ့ အကြောင်းအရင်းတော်တော်များများရှိပေမဲ့ အရေးပါတဲ့အကြောင်းအရင်းများထဲက

တစ်ခုကတော့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ နိုင်ငံအတွင်း ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများမှာ နေထိုင်သူများဟာ ဒေသအတွင်းလုပ်ကိုင်ရှားပါးမှုဒဏ်ကို မခံနိုင်ဘဲ မြို့တော်ကြီးများဆီသို့ ပြောင်းရွှေ့နေထိုင်လာကြပါတယ်။ ရလဒ်ကတော့ မြို့တော်များမှာ လူဦးရေအဆမတန်သိပ်သည်းပြီး မလိုလားအပ်တဲ့ပြဿနာများကို ရင်ဆိုင်လာရပါတော့တယ်။ ဒါ့ကြောင့် ပုံတောင်ပုံညာဒေသသာ ဂေဟအကျိုးပြုစီးပွားရေးလုပ်ငန်းကြောင့် ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားလာမည်ဆိုပါက မြို့ကြီးများသို့ ထပ်မံပြောင်းရွှေ့လာမည့် လူဦးရေကလျော့ကျသွားမည်ဖြစ်ပြီး ပုံတောင်ပုံညာဒေသဖွံ့ဖြိုးတိုးတက်လာခြင်းဟာ ယနေ့မြို့ပြကြီးများ၏ ပြဿနာကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးရာရောက်မည်ဖြစ်သဖြင့် ပုံတောင်ပုံညာဒေသအား ဂေဟအကျိုးပြုခရီးသွားဒေသအဖြစ် သတ်မှတ်ပြီး အဆိုပါခရီးသွားလုပ်ငန်းအား အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းရင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပြီး ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို အမှီပြုပြီး အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဂေဟအကျိုးပြုခရီးသွားလုပ်ငန်းနှင့် ဝင်ငွေရှာတာဟာ အမြတ်အစွန်းစို့စို့ပို့ပို့ရတာကြောင့် နိုင်ငံအများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေကြပါတယ်။ ဥပမာ- အိမ်နီးချင်းထိုင်းလိုနိုင်ငံမျိုးမှာဆိုရင် အချိန်ကောင်းကောင်းရနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့လို ဆင်းရဲတွင်းကရုန်းထွက်နိုင်ဖို့ အသည်းအသန်ငွေလိုနေတဲ့နိုင်ငံမျိုးမှာ နိုင်ငံခြားခရီးသည်တွေလာလည်မယ့် Ecotourism ကို ကျယ်ပြန့်ဖွံ့ဖြိုးအောင်လုပ်ဖို့လိုပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားခရီးသည်တွေမှာ သန်ရာသန်ရာစိတ်ဝင်စားမှုအမျိုးမျိုး ရှိကြပါတယ်။ တချို့က ရပ်ဝေးမြေခြားမှာ မတူကွဲပြားတဲ့သဘာဝပတ်ဝန်းကျင်ကို ထိတွေ့ခံစားဖို့၊ တချို့ ကရှေးဟောင်းတွေကို လေ့လာချင်လို့၊ တချို့ကငှက်ကြည့်၊ တချို့ကသစ်ပင်ပန်းမန်၊ တချို့ကအင်းဆက် မျိုးဆက်သစ်တွေ လေ့လာဖို့၊ တချို့ကျပြန်တော့လည်း ကိုလိုနီခေတ်ရှေးဟန်မပျက် လက်ကျန်အဆောက်အအုံ၊

စစ်သင်္ချိုင်းစတာတွေကြည့်ချင်လို့ စတာတွေအမျိုးမျိုးရှိကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကလည်း လက်ခံနိုင်တဲ့ ခရီးသွားလုပ်ငန်းအစီအစဉ်မျိုး ချမှတ်ပြီး နိုင်ငံခြားခရီးသည်တွေဝင်ရောက်ဖို့ ဆောင်ရွက်နိုင်ရင် အင်မတန်သင့်လျော်တယ်လို့ ယူဆမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ဒေသမှာ Ecotourism အတွက် အခင်းအကျင်းကောင်းတွေ ရှိတယ်ဆိုလို့ ဝမ်းမြောက်မိပါတယ်။ ထို့နည်းတူပဲ အခြားပြည်နယ်/တိုင်းဒေသကြီးတွေမှာလည်း နိုင်ငံခြားခရီးသည်တွေကို ဆွဲဆောင်နိုင်စွမ်းရှိတာတွေရှိနေကြပါတယ်။ ဒါတွေအသုံးချပြီး နိုင်ငံအတွက် ဝင်ငွေရရာရကြောင်း လုပ်ကိုင်နိုင်တယ်ဆိုတာကို ဟိုးအရင်က ကောင်းကောင်းသဘောမပေါက်ခဲ့ကြ ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်မှာလိုပဲ ကျွန်တော်တို့ ကသာခရိုင်အတွင်းမှာလည်း အလားတူ နိုင်ငံခြားခရီးသည်တွေစိတ်ဝင်စားမယ့်အရာတွေ ရှိနေပါတယ်။ ကသာမြို့ဟာ ဧရာဝတီမြစ် ကြီးနှင့် ဆက်စပ်တောင်တန်းကြားမှာ လှပလွမ်းမောဖွယ်တည်ရှိနေပါတယ်။ ရေလမ်းနဲ့သာမက မီးရထား၊ ကား စတာတွေနဲ့လည်း လာနေနိုင်ပါတယ်။ ကသာမြို့ရဲ့ နိုင်ငံခြားခရီးသွားလုပ်ငန်းကို ပြည်တွင်းမှာ သိပ်သတိမထားခဲ့ကြပေမယ့် ကမ္ဘာကျော်စာရေးဆရာကြီး George Orwell ရဲ့ Burmese Days ဆိုတဲ့ စာအုပ်ကြောင့် နိုင်ငံတကာခရီးသွားအစီအစဉ်တွေမှာ တော်တော်ကျယ်ကျယ် ပြန့်ပြန့် လူသိများနေပါတယ်။ ဒီစာအုပ်ကိုအကြောင်းပြုပြီး နိုင်ငံတကာမီဒီယာတွေမှာလည်း ဖော်ပြ လာတာတွေလည်း တွေ့ရပါတယ်။ ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်လို့ သူ့ကိုလေးစားကြလို့ နိုင်ငံတကာပရိတ်သတ်တွေလည်း ကမ္ဘာအနှံ့ရှိနေပါတယ်။

Burmese Days စာအုပ်က သူပထမဆုံးထုတ်တဲ့လုံးချင်းဝတ္ထုဖြစ်ပြီး နောက်ပိုင်းရေးသားခဲ့တဲ့ Animal Farm နဲ့ ၁၉၈၄ (Nineteen Eighty-Four) လို အာဏာရှင်စနစ်ကို ယတိပြတ်ဆန့်ကျင်တဲ့ စာအုပ်တွေကြောင့် ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်လာပါတယ်။ Burmese Days စာအုပ်ဟာ သူတကယ်တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ စနစ်ထဲကလူတွေ၊ အဆောက်အအုံတွေ၊ ရုံးတွေ၊ ကလပ်တွေ အဖြစ်အပျက်တွေအခြေခံလို့ ကသာမြို့ကို ဇာတ်အိမ်ဖွဲ့ပြီး ကိုလိုနီစနစ်ကိုဆန့်ကျင်တိုက်ခိုက်ထားတဲ့ စာအုပ်ပါ။ ဒီစာအုပ်ကို ဖတ်မိကြတဲ့စာရေးဆရာကြီးရဲ့ နိုင်ငံတကာစာပေပရိတ်သတ်တွေဟာ မြန်မာပြည်မှာ သူနောက်ဆုံးနေသွားတဲ့ ကသာမြို့ကိုတကူးတကလာကြပြီး မြို့ပေါ်မှာအခြေချလိုက်မိ တာနဲ့ Burmese Days ဇာတ်လမ်းထဲ ရောက်ရှိသွားသလို ခံစားရတယ်လို့ ဆိုကြပါတယ်။ Orwell ကိုယ်တိုင်နေခဲ့အိမ်နဲ့ အရေးပိုင်၊ သစ်တောမင်းကြီး၊ ပုလိပ်မင်းကြီးအစရှိတဲ့ အရာရှိကြီးတွေနေခဲ့တဲ့ အိမ်တွေ အဆောက်အအုံတွေဟာလည်း ယခုထက်တိုင် ရှေးမူလက်ရာမပျက်ရှိနေသေးတော့ နိုင်ငံခြား

ခရီးသည်တွေဟာ ဒီနေရာတွေကိုလိုက်ကြည့် လိုက်သွားပြီး သူတို့လေးစားတဲ့ စာရေးဆရာကြီးရဲ့ အငွေ့အသက်တွေကို အာရုံယူအရသာခံစားကြရတာပါပဲ။ ယခင်ကထက်ပိုပွင့်လင်းလာပြီး သွားခွင့်၊ လာခွင့်အစဉ်ပြေလာကြလို့ ကသာမြို့ကို တခုတ်တရဦးတည်လာတဲ့ ဆရာကြီးရဲ့ပရိတ်သတ်တွေ တစ်နေ့တစ်နေ့ပိုများလာတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကသာနှင့်တစ်ကြောတည်းဆက်နေတဲ့ ခရီးစဉ်တွေအဖြစ် ကသာ၊ အင်းတော်ကားလမ်းဘေးအင်းတော်မှ ခုနစ်မိုင်အကွာ နမ့်ပေါက်ဆင်လိမ္မာ စခန်းလည်းရှိပြီး အခုဆိုရင် ပြည်တွင်းပြည်ပခရီးသွားတော်တော်များများ သိရှိဝင်ထွက်လည်ပတ် နေကြပါပြီ။ နောက် အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု၊ ဟဲနုတောင်ကုန်းပေါ်မှာ ဒုတိယ ကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်ဝင်းဂိတ်ရဲ့ Chindite တပ်တွေ၊ ခံတပ်တည်ခဲ့တဲ့ စစ်သမိုင်းဝင် White City မြို့ဖြူတော်ဆိုတော့လည်း သူတို့တွေစိတ်ဝင်စားပြီး လာကြည့်ကြပါတယ်။ ခရီးစဉ်တစ်ဆက်စပ်တည်း သွားနိုင်မယ့် အခြားနေရာတွေကတော့ အင်းတော်မြို့စွန်က အင်းတော်လေးကန်နှင့်အနီးရှိ ရိုးရာ ဗုံလုပ်ငန်း၊ ဗန်းမောက်မြို့နယ်က အုံ့သြဖွယ်လှပတဲ့ ဇလုံတောင်စတာတွေ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ဖော်ပြရရင် အိမ်သာလို့ ဧည့်လာမစဲဖြစ်အောင် ကျွန်တော်တို့အိမ်ရှင်ဘက်ကလည်း ဧည့်သည်တွေ သွားရေး၊ လာရေး၊ တည်းခိုစားသောက်ရေး စတာတွေ အဆင်ပြေအောင် စီစဉ်သွားပေးဖို့ လိုပါတယ်။ နိုင်ငံ့အတွက်လည်း ဝင်ငွေရမယ်။ ဒေသတွင်းလည်းဖွံ့ဖြိုးစည်ပင်လာမယ်။ ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း တစ်ဖက်တစ်လမ်းက ထိန်းသိမ်းရာရောက်စေ မယ့် ဒီလို Ecotourism လုပ်ငန်းကို ဂန့်ဂေါမြို့နယ်အပါအဝင် အခြားဒေသအသီးသီးမှာ အောင်မြင် စေနိုင်ဖို့ လူမှုအဖွဲ့အစည်းများလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများကလည်း ပူးပေါင်းအားထုတ် ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာမေတ္တာရပ်ခံအကြံပြုရင်း ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ရဲ့အဆိုကို ပါဝင်ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ကမ္ဘာတစ်လွှားမှာ ကမ္ဘာလှည့်ခရီးသွား တွေကို နိုင်ငံတွေကနေ အပြိုင်အဆိုင်စည်းရုံးနေရပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းက

အရင်းအနည်းဆုံးထည့်ပြီးတော့ အမြတ်အများဆုံးရနိုင်တဲ့လုပ်ငန်းဖြစ်လို့ပါ။ အထူးသဖြင့် ကျွန်တော်တို့လို ဖွံ့ဖြိုးစနိုင်ငံ၊ ကျွန်တော်တို့ပြန်လည်ပြီးတော့တည်ဆောက်ဖို့ ကြိုးစားနေရတဲ့နိုင်ငံလေးက ဒီလို ကမ္ဘာလှည့်ခရီးသွားတွေ များနိုင်သမျှများများဝင်လာအောင် ကျွန်တော်တို့က စည်းရုံးကြရမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့နိုင်ငံခေါင်းဆောင်များကလည်း ဒီကိစ္စကိုသဘောပေါက်တဲ့အတွက်ကြောင့် မိုလို့ ဒီကမ္ဘာလှည့်ခရီးသွားတွေ ကျွန်တော်တို့နိုင်ငံထဲကိုဝင်သည်ထက်ဝင်လာအောင်၊ များသည်ထက် များများဝင်လာအောင် ကြိုးစားနေကြတာကို တွေ့နေရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၁၉၉၆ ခုနှစ်ကလည်း နိုင်ငံတကာခရီးသွားနှစ်ဆိုပြီးတော့ ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ မျှော်မှန်းသလောက်တော့ နိုင်ငံတကာကမ္ဘာလှည့်ခရီးသွားတွေဝင်ရောက်လာခဲ့ခြင်း မရှိပါဘူး။ ဆိုတော့ အခုကျွန်တော်တို့အနီးဆုံးနှစ်ကအခြေအနေကို တချို့နိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံလုပ်ရမယ့်အလုပ်ရဲ့ ပမာဏကြီးမားပုံကိုတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ၂၀၁၅ ခုနှစ်မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကရတဲ့ ဝင်ငွေနဲ့ဝင်တဲ့ဦးရေက အမေရိကန်ပြည်ထောင်စုကို ကမ္ဘာလှည့်ခရီးသွား ၇၇ သန်းဝင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံကို ၂၉ သန်းဝင်ခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကို လေးသန်းကျော်ပဲဝင်ခဲ့ပါတယ်။ အဲဒီတော့ အဲဒီကနေရတဲ့ဝင်ငွေက အမေရိကန်ပြည်ထောင်စုက ၁၉၁ ဘီလီယံဒေါ်လာရပါတယ်။ ထိုင်းနိုင်ငံက ၄၄ ဘီလီယံဒေါ်လာ ရပါတယ်။ ကျွန်တော်တို့နိုင်ငံက ၂ ဘီလီယံဒေါ်လာပဲရပါတယ်။ ဒါက ဒီလုပ်ငန်းကနေပြီးတော့ ကျွန်တော်တို့အများကြီးကြိုးစားရဦးမယ်ဆိုတာကို ပြသနေပါတယ်။ အခု ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းတဲ့ Eco-Tourism ဆိုတာကတော့ Tourism လုပ်ငန်းထဲမှာ ဆွဲဆောင်မှု အရှိဆုံးပါပဲ။ ကမ္ဘာလှည့်ခရီးသွားတွေက များသောအားဖြင့် ဥရောပက လာကြတယ်။ မြောက်အမေရိက ကလာကြတယ်။ သူတို့နိုင်ငံတွေမှာ အဆောက်အဦတွေ၊ တံတားတွေ၊ ကားတွေ၊ ယာဉ်တွေနဲ့မွန်းကျပ်နေတဲ့အခါကျတော့ သူတို့က ဒီဘက်သဘာဝအခြေခံအတိုင်း ရှိနေတဲ့ဟာတွေကို သူတို့ကခြေဦးလှည့်လာကြပြီးတော့ လာကြပါတယ်။ သူတို့ကို ဆွဲဆောင်ဖို့ အတွက်က Eco Tourism လုပ်ငန်းကအကောင်းဆုံးပါပဲ။ အဲတော့ Eco Tourism လို့ ကျွန်တော်တို့ ပြောလိုက်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်လုပ်ငန်းမှာ ကျွမ်းကျင်သူပညာရှင်တစ်ယောက်ဖြစ်တဲ့ မာသာဟမ်းနီးပြောခဲ့တဲ့ ဖွင့်ဆိုချက်က အခြေအမြစ်အရှိဆုံးဖြစ်ပါတယ်။ အဲဒါကတော့ Eco Tourism ဆိုတာ ဘာတွေပါ ရမလဲဆိုတော့ (၁) သဘာဝအတိုင်းတည်ရှိနေတဲ့နေရာတွေကို ခရီးသွားခြင်းဖြစ်ပါတယ်။ (၂) သဘာဝ အပေါ်မှာ သက်ရောက်မှုလျော့နည်းအောင်လို့ ပြုလုပ်တဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ Impact

တွေနည်းနိုင်သမျှ Minimize လုပ်တာပါ။ (၃) သဘာဝပတ်ဝန်းကျင်အပေါ် လူတွေ အများသတိပြုမိလာအောင်လုပ်ရပါမယ်။ Public Awareness ရှိအောင်လုပ်မယ်။ (၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် တိုက်ရိုက်ရန်ပုံငွေတွေရအောင် ဒီလုပ်ငန်းကနေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်၊ သစ်တောထိန်းသိမ်းရေးအတွက်၊ တောတောင်တွေထိန်းသိမ်းဖို့အတွက်တိုက်ရိုက်ရန်ပုံငွေ(Direct Fund)ရအောင် လုပ်ပေးနိုင်ရပါမယ်။ (၅) ဒေသခံပြည်သူများအတွက်လူမှုဘဝတိုးတက်ရေးအတွက် ငွေကြေးနဲ့အခြားပံ့ပိုးမှု တွေရရှိဖို့လိုပါတယ်။ ဒေသခံပြည်သူတွေငွေကြေးရန်ပုံငွေရရမယ်၊ နောက်ပြီးတော့ အခြားသော ပံ့ပိုးမှုတွေပေါ့။ ကျောင်းတို့၊ ဆေးခန်းတို့အဲဒါတွေရဖို့လိုပါတယ်။ (၆) ဒေသခံတွေရဲ့ယဉ်ကျေးမှု တွေကို လေးစားတန်ဖိုးထားတာပါ။ (၇) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး လှုပ်ရှားသူများအတွက် အထောက်အပံ့ဖြစ်စေတာဖြစ်ပါတယ်။ အဲတော့ အဲဒီအချက်(၇)ချက်နဲ့ညီမှသာလျှင် ဒီခရီးသွားလုပ်ငန်းတစ်ခုကို Eco-Tourism လို့ ခေါ်ဆိုနိုင်မှာဖြစ်ပါတယ်။

အဲတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ Eco-Tourism ဆိုပြီး သတ်မှတ်ထားပြီးတော့ လုပ်နေတဲ့လုပ်ငန်းတွေရှိပါတယ်။ ဥပမာ- ခါကာဘိုရာဇီတောင်၊ ချင်းပြည်နယ်က ရိဒ်ရေအိုင်၊ မြိတ်ကျွန်းစုက လန်ပိအဏ္ဏဝါဥယျာဉ်၊ ပြင်ဦးလွင်က အမျိုးသားကန်တော်ကြီးဥယျာဉ် ဒါတွေဟာ Eco-Tourism ဆန်ဆန်လုပ်နေတာတွေ ဖြစ်ပါတယ်။ အခု အလောင်းတော်ကဿပနဲ့ပတ်သက်ပြီးတော့လည်း Eco-Tourism လုပ်ငန်းတစ်ခုလုပ်ဖို့အတွက်ကြိုးစားနေကြတာရှိပါတယ်။ သို့သော် တစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်အောင်၊ လမ်းဖောက်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်သွားမှာဒါတွေကိုလည်း ကျွန်တော်တို့က စဉ်းစားဖို့လိုပါတယ်။ အချို့ ဥပမာ ရွှေတိဂုံဘုရားပေါ်မှာ မကြာသေးခင်ပဲ သတင်းတစ်ခုဖတ်လိုက်ရပါတယ်။ မဆင်မခြင်ဝတ်စားပြီးတော့ ဓာတ်ပုံရိုက်တာတွေ ဒါမျိုးတွေလည်းမဖြစ်အောင်လုပ်ရပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပုံတောင်ပုံညာဒေသကို Eco-Tourism အဖြစ်လုပ်တာကို မူအားဖြင့်ကျွန်တော်သဘောတူပါတယ်။ သို့သော် သဘာဝပတ်ဝန်းကျင်ရော၊ ယဉ်ကျေးမှုရော အခြေခံအားလုံးကိုမထိခိုက်အောင် နိုင်ငံတော်အစိုးရက သတိထားပြီးတော့ဆောင်ရွက်ဖို့အတွက် ကျွန်တော်တိုက်တွန်းအကြံပြုရင်းနိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်(မိုးကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုးကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ပုံတောင်ပုံညာဒေသကို သဘာဝအခြေပြုခရီးသွားလာရေးဒေသအဖြစ် သတ်မှတ်ပေးဖို့အတွက် တင်သွင်းသွားရာမှာ ၎င်းဒေသဟာ သာယာလှပတဲ့တောတောင်ရှုခင်းများ ရှိခြင်း၊ အဖိုးတန်သစ်နှင့် ရှားပါးငှက်တိရိစ္ဆာန်များ၊ ရှားပါးသစ်ခွများရှိခြင်းနှင့် ဂေဟစနစ်ကြွယ်ဝခြင်း၊ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၄၀ ကျော်က ပရိုင်းမိတ်ဖြစ်တဲ့ ပုံတောင်ဂျီးယားကော်တာရှ်ိုင်းနဲ့ မြန်မာ Burma man တို့ရဲ့ အခြေပြုရာဒေသဖြစ်ကြောင်း၊ သစ်ထုတ်လုပ်ရာဒေသဖြစ်တဲ့အတွက် နိုင်ငံပိုင် ဆင်များစွာရှိတဲ့ဒေသဖြစ်ကြောင်းနဲ့ ပတ်ဝန်းကျင်မြို့ ရွာတွေနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ကာ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ဒေသဖြစ်ကြောင်းစသည်ဖြင့် တင်ပြသွားတာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ပုံတောင်ပုံညာဒေသဟာ တောင်တန်းဒေသ သဘာဝပတ်ဝန်းကျင် သာယာလှပတယ်၊ အဖိုးတန်သစ်ထွက်တယ်၊ ပရိုင်းမိတ်တွေရှိတယ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တယ်၊ တိုင်းရင်းသားပေါင်းစုံရှိတယ်စတဲ့ ခရီးသွားလာရေးအတွက် အခြေခံကောင်းများရှိတဲ့ဒေသဖြစ်တာကို တွေ့ရပါတယ်။ ဒီနေရာမှာ ပြည်တွင်းပြည်ပခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ အခြားဒေသတွေဟာလည်း ကျွန်တော်တို့သဘာဝခရီးသွားလာရေးဒေသအပြင် ဒေသ အကျိုးပြုခရီး သွားလာရေးအတွက် အခြေခံကောင်းများရှိတဲ့ ဒေသများရှိတာကိုလည်းတွေ့ရှိရပါ တယ်။ ဥပမာအားဖြင့် ကျွန်တော်တို့မိုးကုတ်မြို့နယ်ဟာ အဲဒီလိုအခြေခံကောင်းများနဲ့ ပြည့်စုံပြီးတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ တောင်ပေါ်ဒေသဖြစ်တယ်၊ သဘာဝပတ်ဝန်းကျင်သာယာလှပတယ်၊ ဂေဟ စနစ်များစွာ မပျက်စီးသေးပါဘူး။ လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာရှိခဲ့တဲ့ ပတ္တမြား၊ နီလာနဲ့ ရောင်စုံ ကျောက်များထွက်ရှိတဲ့ဒေသဖြစ်ပြီး ကမ္ဘာက Ruby Land လို့ သိရှိတဲ့ဒေသဖြစ်ပါတယ်။ ရှမ်း၊ ပလောင်၊ လီဆူး၊ ဗမာစတဲ့ တိုင်းရင်းသားတွေဟာ ရိုးရာမပျက်နေထိုင်လျက်ရှိတဲ့ဒေသဖြစ်ပြီး ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်း၊ ကျောက်တူးခြင်းလုပ်ငန်း၊ ကျောက်မျက်ရောင်းဝယ်ခြင်းလုပ်ငန်း များကိုလည်း လေ့လာနိုင်ပါတယ်။ ပတ်ဝန်းကျင်မြို့ ရွာများနှင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူ ချောမွေ့ပြီး နေထိုင်ရေးအတွက်ကော ပြည့်စုံပြီးသားဒေသဖြစ်ပါတယ်။ နိုင်ငံခြားသားအချို့လည်း

ဝင်၊ ထွက်သွားလာခဲ့ဖူးတဲ့ဒေသဖြစ်ပါတယ်။ သို့သော်လည်းပဲ မိုးကုတ်မြို့ဟာ အထူးခရီးသွားလာရေး ဒေသအဖြစ် သတ်မှတ်ထားတဲ့အတွက် Visa အခက်အခဲတွေရှိပါတယ်။ အဲဒီလိုအခက်အခဲတွေရှိတဲ့ အတွက် ကျွန်တော်တို့ဒေသရဲ့ ခရီးသွားလာရေးလုပ်ငန်းဟာ ဖွံ့ဖြိုးတိုးတက်သင့်သလောက်မဖွံ့ဖြိုး တာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ မိုးကုတ်ဒေသမှာ သယံဇာတတွေကို နှစ်ပေါင်းရာချီပြီး ထုတ်လုပ် ခဲ့တဲ့အတွက် ကျောက်မျက်ရှားတာတွေကို တွေ့ရှိလာရပါပြီ။ တောင်ပေါ်ဒေသဖြစ်တဲ့အတွက် စိုက်ပျိုးဖို့အတွက် မြေယာနည်းတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေး နှင့်ဒေသခံများရဲ့စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ အဆိုနှင့်ပတ်သက်ပြီး နည်းဥပဒေရှိပါတယ်။ အဆိုနှင့်ပတ်သက်တဲ့ တိုက်ရိုက်ဆွေးနွေးချက်ပဲဖြစ်ရမယ်။ အဲဒါကြောင့် အခုဟာ မကွေးတိုင်းဒေသ ကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို တိုက်တွန်းတဲ့အဆိုကို ဒီအဆိုအပေါ်မှာ တိုက်ရိုက်ဆွေးနွေးရမှာပဲဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်တာပဲ ဆွေးနွေးပေးပါ။ ကိုယ်က ကိုယ့်ဒေသဖြစ်ချင်ရင် ကိုယ့်ဒေသအတွက် အဆိုသတ်သတ်ကို တင်နိုင်ရင် တင်။ အဲဒီလိုပိုင်းခြားပေးပါ။ ကျွန်တော်တို့ ဒီ လွှတ်တော်ဆိုင်ရာနည်းဥပဒေကိုတော့ လိုက်နာပေးပါ။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်တာပဲ တိုက်ရိုက်ဆွေးနွေးပေးပါ။

**ဦးအောင်နိုင်(မိုးကုတ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အဲဒီအတွက် ဒီသဘာဝအခြေခံခရီး သွားလာရေးလုပ်ငန်းကို အကောင်အထည်ဖော်ပေးမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေကို အလျင် အမြန်တိုက်ရိုက်အကျိုးပြုတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အဲဒီဒေသမှာသွားလာမယ် ဆိုရင် အငှားယာဉ်လုပ်ငန်းတွေ၊ အိမ်တွင်းလက်မှုလုပ်ငန်းကထုတ်လုပ်တဲ့ ဒေသအမှတ်တရလုပ်ငန်း တွေ၊ ဒေသထွက်အစားအစာတွေ၊ နောက်ပြီးတော့ စားသောက်ဆိုင်တွေ၊ တည်းခိုဆောင်တွေ စသည် အားဖြင့် လုပ်ငန်းအသေးပိုင်းတွေကို တိုက်ရိုက်အကျိုးပြုတဲ့အပြင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေ ကိုပါ အကျိုးပြုတဲ့ကိစ္စလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ တိုင်းပြည်ဝင်ငွေတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေပြီးမှ တိုးပွားစေပြီးတော့ ဒေသခံများရဲ့ အခြေခံလူတန်းစားတွေအပေါ်မှာ အလျင်အမြန်အကျိုးပြုတဲ့ဆင်းရဲမွဲတေမှုကို တစ်ဖက်တစ်လမ်းက လျှော့ချပေးတဲ့ သဘာဝခရီးသွား လာရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရအနေနဲ့ အကောင်အထည်ဖော်ပေးသင့်ပါကြောင်းကို

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို (ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၁၉-၁၂-၂၀၁၆ ရက်နေ့ကတင်သွင်းထားတဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့ ပုံတောင်ပုံညာဒေသအား Ecotourism ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ခရီးသွားရှုထောင့်မှကြည့်ရှု၍ ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က Ecotourism အကြောင်းကို အသေးစိတ်ရှင်းပြထားပါတယ်။ ခရီးသွားလာခြင်းဆိုတာ လူကိုများစွာအကျိုးပြုစေပါတယ်။ ခရီးသွားခြင်းဖြင့် လူကိုကျန်းမာစေတယ်။ စိတ်ရွှင်လန်းတက်ကြွစေပြီး စိတ်ချမ်းသာစေပါတယ်။ ဗဟုသုတရစေခြင်း၊ မိတ်ဆွေပေါများခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများရစေနိုင်ပါတယ်။ အခုအခါ ကမ္ဘာတစ်ဝန်းမှာ တစ်နိုင်ငံမှတစ်နိုင်ငံ၊ တစ်နေရာမှတစ်နေရာ ခရီးသွားလာခြင်းက အလွန်ဖွံ့ဖြိုးလာပါတယ်။ နိုင်ငံခြားခရီးသွားများရှိသလို ပြည်တွင်းခရီးသွားလုပ်ငန်းမှာလည်း တစ်နေ့တခြားဖွံ့ဖြိုးလာနေတာတွေ့ရပါတယ်။ မရောက်ဖူးသောဒေသ၊ ပျော်ရွှင်ဖွယ်ရာဒေသ၊ ဗဟုသုတရစရာဒေသ၊ ဘာသာရေးအရသွားလာခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် သွားလာနေကြပါတယ်။ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သောစက်ရုံလုပ်ငန်းလို့ တင်စားထားတဲ့အတိုင်း ကျွန်မတို့နိုင်ငံနဲ့အဆင်ပြေသောလုပ်ငန်းဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားများရဲ့အကြားမှာ မြန်မာနိုင်ငံဟာ လည်ပတ်သွားလာသင့်သောနေရာအဖြစ် မှတ်ချက်ပြုခံနေရပါတယ်။ ထိုအချက်ကိုကြိုဆိုပြီး မြန်မာနိုင်ငံအတွက် ကျွန်မတို့နိုင်ငံရဲ့အနေအထားပေါ်မှာအသုံးပြုပြီး ခရီးသွားလာခြင်းကို ရင်းနှီးမြှုပ်နှံသင့်ပါတယ်။ ငွေကြေးအရမ်းကြီးမကုန်ကျဘဲနဲ့ အချိန်တိုအတွင်း လက်ငင်းငွေရသောလုပ်ငန်းလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံက နိုင်ငံသူနိုင်ငံသားတွေကို သဘာဝတရားကြီးက ကောင်းစွာထောက်ပံ့ပေးထားတဲ့အနေအထားရှိပါတယ်။ သဘာဝတရားကြီးကနေပြီးတော့ အနောက်ဘက်၊ တောင်ဘက်မှာ ပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာရှိနေပါတယ်။ ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်၊ မွန်ပြည်နယ်၊ တနင်္သာရီကမ်းရိုးတန်း၊ မြိတ်ကျွန်းစုတို့ရှိနေ

ပါတယ်။ ဒါပေမဲ့လည်း တစ်နေရာနှင့်တစ်နေရာဟာ နေရာဒေသအလှအပချင်းမတူကြပါဘူး။ မြောက်ဘက်နှင့်အရှေ့ဘက်၊ တောင်ဘက်မှာလည်း တောင်ကုန်းတောင်တန်းများ၊ သစ်တောများဖုံးလွှမ်းလျက်ရှိနေပြီး သယံဇာတအပြည့်နဲ့ရှိနေတာပါ။ နေရာဒေသအလိုက် နေတဲ့လူမျိုးများရဲ့ဓလေ့ထုံးစံဟာလည်း မတူပါဘူး။ နိုင်ငံရဲ့အလယ်ပိုင်းမြေပြန့်မှာလည်း ကျယ်ပြောသောလွင်ပြင်ကြီးနှင့် စီးဆင်းနေတဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့ရဲ့အလှအပကလည်း အလွန်လှပကြပါတယ်။ ထိုကဲ့သို့အနေအထားက ခရီးသွားလုပ်ငန်းနဲ့ အလွန်သင့်တော်ပါတယ်။ Ecotourism အတွက် မြေခံရေခံကောင်းသောနိုင်ငံဖြစ်ပါတယ်။ ရှိပြီးသားသဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပြုပြင်ရုံနဲ့ ဝင်ငွေရနိုင်သောအနေအထားဖြစ်ပါတယ်။ ပင်လယ်ကမ်းရိုးတန်းအလှ၊ တောတောင်တို့ရဲ့အလှ၊ ကျက်စားနေထိုင်ကြသော ကျေးငှက်တိရစ္ဆာန်၊ ကျား၊ ဆင်စသည်တို့ရဲ့သဘာဝအနေအထားလေ့လာခြင်း၊ မြေပြန့်လွင်ပြင်မှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ရဲ့အလှကို မဆုံးနိုင်တဲ့၊ ကြည့်လို့မဝနိုင်တဲ့အလှများဖြစ်ကြပါတယ်။ နေထိုင်ကြသောလူမျိုးများရဲ့ ရာသီပွဲတော် ဓလေ့ထုံးစံများကလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။ အဆိုရှင်ရဲ့ ပုံတောင်ပုံညာဒေသမှာလည်း မြေပြန့်လွင်ပြင်ရဲ့အလှနှင့် တောင်ပေါ်ဒေသနှစ်ခုစလုံး ခံစားနိုင်တဲ့နေရာဖြစ်ပါတယ်။ ပိုပြီးစိတ်ဝင်စားစရာကောင်းတာက လွန်ခဲ့သောနှစ်ပေါင်းသန်းလေးဆယ်က ပရိုင်းမိတ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိနေခြင်းက ပိုပြီးစိတ်ဝင်စားစရာကောင်းပါတယ်။ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစပ်ဖြစ်တဲ့အတွက် တောနက်သည့်အတွက် တောတွင်းတိရစ္ဆာန်များ ကြည့်ရှုစရာများလည်း ပိုများပါတယ်။ အဆိုရှင်တင်ပြသလို Ecotourism အတွက် အထူးသင့်တော်သောနေရာဖြစ်နေပါတယ်။ ပြုလုပ်မယ်ဆိုရင်တော့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အကျိုးရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ခရီးသွားလုပ်ငန်းအတွက် ရေခံမြေခံကောင်းနေတဲ့ အထက်ပါသယံဇာတများကို အဆိုရှင်ဆန္ဒပြုသကဲ့သို့ သစ်တောများကိုပြုန်းတီးမှုမရှိစေဘဲ သဘာဝဂေဟစနစ်ကိုအခြေခံပြီး ထိန်းသိမ်းထားချင်ပါတယ်။ သစ်တောတွေကိုခုတ်ရောင်းလို့ တိုင်းပြည်က ဝင်ငွေပိုလည်းမကောင်းလာဘဲနဲ့ သစ်တောပျက်စီးပြီး ဂေဟစနစ်ပျက်စီးသွားတာပဲ အဖတ်တင်ပါတယ်။ ထို့အတူ ကျန်ရှိနေတဲ့သစ်တောတွေကိုထိန်းသိမ်းပြီး ပြန်လည်ပြုစုပျိုးထောင်ခြင်းအားဖြင့် Ecotourism အတွက် အခြေအနေများ ဖန်တီးစီစဉ်သင့်ပါတယ်။ လိုအပ်နေသော ခရီးသွားများအတွက် ဝန်ဆောင်မှု (Service) ကောင်းကောင်းပေးနိုင်ရပါမယ်။ မလာခင်ကတည်းက ကြော်ငြာမှု၊ ပြည်ဝင်/ပြည်ထွက်လွယ်ကူမှု၊ တည်းခိုနေထိုင်ရေးအဆင်ပြေစေမှု၊ သွားရေးလာရေး ကား၊ ရထား၊ လေယာဉ် စသည့်

ခရီးစဉ် အဆင်ပြေစေမှု၊ ဧည့်ဝတ်ပျူငှာမှု ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ပိုမိုအဆင်ပြေမှာဖြစ်ပါတယ်။ ငွေကြေးလဲလှယ်မှု Banking စနစ်လည်း အဆင်ပြေစေရပါမယ်။ ခရီးသွားလမ်းညွှန်အမှတ်အသား အလွယ်တကူသိနိုင်ရန် မြို့တိုင်းစီစဉ်ထားသင့်ပါတယ်။ အရည်အချင်းရှိသော ဧည့်လမ်းညွှန်များကို လည်း နိုင်ငံအလိုက်၊ ဘာသာအလိုက် အဆက်မပြတ်မွေးထုတ်သင့်ပါတယ်။ ဒေသထွက်ပစ္စည်းများကို လည်း ဒေသခံများကို တီထွင်တတ်အောင်လမ်းညွှန်သင်ကြားပြီးတော့ အမှတ်တရလက်ဆောင်များ ရောင်းချခြင်းအားဖြင့် ဒေသခံများဝင်ငွေရအောင် လမ်းညွှန်ပြပေးရပါမယ်။ ခရီးသွားများရဲ့လုံခြုံမှု ကိုလည်း ဂရုစိုက်ပေးရပါမယ်။ ခရီးသွားများသွားရောက်လာခြင်းဖြင့် မိမိနိုင်ငံမှာဖြစ်ပေါ်တဲ့ အကျိုးသက်ရောက်မှုများရှိသလို ကြိုတင်ကာကွယ်ပြီးတော့ ဆိုးကျိုးများကိုလည်း ကြိုတင်ကာကွယ် စီမံထားရပါမယ်။ အထူးသဖြင့် ရိုးသားသောကလေးများ၊ မိန်းကလေးငယ်များအပေါ် အမြတ်ထုတ် ခြင်း၊ လိမ်လည်ခြင်း ရာဇဝတ်မှုများကိုလည်း သတိထားရပါမယ်။ အထူးသဖြင့် နိုင်ငံရဲ့အဖိုးတန် ရှေးဟောင်းရတနာများ ပါမသွားအောင်လည်း ဂရုစိုက်သင့်ပါတယ်။ စည်းကမ်းဥပဒေများကိုလည်း လိုက်နာစေရပါမယ်။ ဥက္ကဋ္ဌကြီးရှင့်။ အထက်ပါအချက်များကို သတိထားရင်းနဲ့ မြန်မာနိုင်ငံရဲ့ ဝင်ငွေရလမ်းတစ်ခုဖြစ်တဲ့ ခရီးသွား(Tourism) အထူးသဖြင့် အဆိုရှင်ရဲ့ဒေသမှာ Ecotourism အတွက် သင့်တော်ကြောင်းကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ် တွေ အခွင့်အရေးမဆုံးရှုံးအောင် ဆွေးနွေးခွင့်လည်းပေးထားပါတယ်။ အဲဒီတော့ လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ အဆိုနဲ့ပတ်သက်တဲ့စည်းကမ်းချက်တွေကိုလည်း သေချာလေ့လာထားဖို့ လိုပါတယ်။ ဥပမာတစ်ခုကိုပြောမယ်ဆိုရင် နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ဂ)မှာ ကျွန်တော် ဖြည်းဖြည်းချင်းဖတ်ပြပါမယ်။ အဆိုတစ်ရပ်ကိုဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်။ အဲဒါလေးတွေကို သတိပြုစေချင်ပါတယ်။ သို့ဖြစ်လို့ရှိရင် အဆိုရှင်ရဲ့လိုရင်းမရောက်၊ ဝန်ကြီးဌာနက ပြန်ဖြေရမယ့်၊ ပြန်လည်ရှင်းလင်းရမယ့် လိုရင်းမရောက်၊ အဆိုနဲ့နွှယ်ပြီးတော့ ကိုယ်ဖြစ်ချင်တာတွေ၊ ကိုယ့်ဆီကဟာတွေ အကုန်လုံးဆွဲပြီးတော့ ဆွေးနွေးနေတာက ဆွေးနွေးဆဲအဆိုနှင့် အတိအကျသက်ဆိုင်စေရမည်ဆိုတာနဲ့ လွဲချော်နေမှာ ဖြစ်ပါတယ်။ ဒါလေးတွေကို ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီးများ သတိပြုစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ဝေဖန်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုဟာ ဂန့်ဂေါမြို့နယ်၊ ပုံတောင်ပုံညာဒေသကို Ecotourism ဒေသအဖြစ် သတ်မှတ်ပေးပါရန်အဆိုပဲဖြစ်ပါတယ်။ အဲဒီအဆိုမှာ ရည်ရွယ်ချက်တွေအင်မတန်ကောင်းတာကို တွေ့နေရပေမဲ့ လက်ရှိအခြေအနေနှင့်အချိန်အခါအရ စိတ်ကူးယဉ်အိမ်မက်တစ်ခုကို ပုံဖော်နေတဲ့ သဘောဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ဂန့်ဂေါမြို့နယ်အပါအဝင် ထီးလင်းမြို့နယ်၊ ဆော မြို့နယ် ပုံတောင်ပုံညာဒေသအားလုံး သဘာဝဝန်းကျင်သယံဇာတသစ်တောတွေ မြင်မကောင်း ရှုမကောင်းလောက်အောင်ပျက်စီးနေတာကို တွေ့နေရလို့ပဲဖြစ်ပါတယ်။ အဲဒီလို သဘာဝဝန်းကျင်တွေ ပျက်စီးမှုတွေကြောင့် ယခင်ကရှိခဲ့ဖူးတဲ့ ဇီဝမျိုးစိတ်တွေ၊ သဘာဝရေထွက်တွေလည်း တစ်စတစ်စနဲ့ ပျောက်ကွယ်နေတာ တွေ့နေရပါတယ်။ ယခင်က ပုံတောင်ပုံညာဒေသဟာ ကျွန်းနှင့်အဖိုးတန် သစ်တောတွေ အင်မတန်ပေါများပြီး သဘာဝတောရိုင်းတိရစ္ဆာန်တွေ၊ ဆေးဖက်ဝင်သစ်ပင်တွေ၊ သဘာဝသစ်ခွတွေ၊ သဇင်ပန်းတွေ အင်မတန်ပေါကြွယ်ဝတဲ့ဒေသတစ်ခုဖြစ်ခဲ့ပါတယ်။ အခုအချိန် မှာတော့ အရာအားလုံးဟာ ကွယ်ပျောက်လုနီးပါးဖြစ်နေပါတယ်။ နောင်ဆိုလို့ရှိရင် အရပ်ရေးကြည့်ရ ခမန်းဖြစ်နေပါတယ်။ ဒါ့ကြောင့်မို့လို့ ပုံတောင်ပုံညာဒေသကို ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း တည်ထောင်မယ်ဆိုရင် ပထမဦးစွာ တည်ထောင်နိုင်မယ့်အဆင့်ရောက်အောင်၊ တစ်နည်းပြောရမယ် ဆိုလို့ရှိရင် သဘာဝဝန်းကျင်ဥပဒေများနှင့် ပြဋ္ဌာန်းချက်များနှင့်ညီညွတ်လာအောင် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါမှသာ အဲဒီဥပဒေပါပြဋ္ဌာန်းချက်တွေ၊ ရည်ရွယ်ချက် တွေဖြစ်တဲ့ အစိုးရရဲ့တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန် အစရှိတဲ့ ရည်ရွယ်ချက်ခုနစ်ချက်၊ လုပ်ငန်းတာဝန်ရှစ်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သင့်တော်တဲ့သဘာဝနယ်မြေတွေကို သတ်မှတ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်တဲ့နေရာမှာ သဘာဝနယ်မြေခုနစ်မျိုးလုံးဟာ အဆိုရှင်တင်သွင်းသွားတဲ့ Ecotourism ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တာတွေချည်းဖြစ်ပါတယ်။

နံပါတ်(၁)အနေနဲ့ နိုင်ငံတကာသစ်တောပညာရှင်တွေ၊ နိုင်ငံတကာသုတေသနပညာရှင်တွေ လာရောက်ပြီးသုတေသနပြုနိုင်ဖို့အတွက် သိပ္ပံကြိုးဝိုင်းတွေတည်ထောင်မှာလား၊ ဒါမှမဟုတ်ဘူးဆိုလို့

**မူကြမ်း**

ရှိရင် နိုင်ငံတကာပညာရှင်တွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေအပါအဝင် ပြည်သူတွေအားလုံး လာရောက်လေ့လာအပန်းဖြေနိုင်ဖို့အတွက် အမျိုးသားဥယျာဉ်တွေ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်တွေ တည်ထောင်မှာလား။ ဥပမာအနေနဲ့ပြောရရင် အလောင်းတော်ကဿပပုံစံမျိုး၊ လန်ပိပုံစံမျိုး အဲဒီလိုအမျိုးသားဥယျာဉ်တွေတည်ထောင်မှာလား။ ဒါမှမဟုတ်ဘူးဆိုလို့ရှိရင် နံပါတ်(၃)အနေနဲ့ သဘာဝတောတွေကောင်းမွန်လို့ ကြိုးဝိုင်းတောတွေတည်ထောင်ပြီးတော့မှ Ecotourism ဒေသအဖြစ် သတ်မှတ်လိုသလား။ ဒါမှမဟုတ်ဘူးဆိုလို့ရှိရင် သဘာဝတောတွေလည်းရှိတယ်။ တောရိုင်းတိရစ္ဆာန်တွေလည်းလေ့လာစရာရှိနေသေးတယ်ဆိုရင် ရွှေစက်တော်လို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွေ တည်ထောင်မှာလား။ ဒါမှမဟုတ်ဘူးဆိုလို့ရှိရင် သဘာဝအနေနဲ့ ထူးခြားတဲ့တောတွေ၊ ကျောက်တောင်တွေ၊ ရေတံခွန်တွေ၊ အခြားထူးခြားတဲ့လက္ခဏာတွေရှိတယ်ဆိုရင် ဘူမိ၊ ရူပထူးခြားတဲ့ကြိုးဝိုင်းတွေတည်ထောင်မှာလား။ ဒါမှမဟုတ်ဘူးဆိုလို့ရှိရင် ဝန်ကြီးကနေပြီးတော့မှ သတ်မှတ်ပေးမယ့် အခြားသဘာဝကြိုးဝိုင်းလေးတွေ တည်ထောင်ပြီးတော့မှ Ecotourism ဒေသအဖြစ်သတ်မှတ်မှာလား အဲဒီလိုအချက်တွေရှိပါတယ်။ အဲဒီလို ထူထောင်တဲ့အခါမှာ ဒေသခံတွေရဲ့ဆန္ဒသဘောထားက ဘယ်လိုလဲ။ သူတို့ရဲ့ရိုးရာဓလေ့စရိုက်တွေနှင့် သူတို့ရဲ့လုပ်ငန်းတွေ၊ သူတို့ရဲ့နယ်မြေတွေကို ထိခိုက်မှာလား။ ထိခိုက်ရင် အစိုးရအနေနဲ့ ဘယ်လိုကူညီပံ့ပိုးမှုတွေလုပ်မလဲ။ အဲဒါတွေကို အစကနေပြီးတော့မှ ထည့်သွင်းစဉ်းစားသွားရမှာဖြစ်ပါတယ်။ တည်ထောင်လိုက်တာနဲ့တစ်ပြိုင်နက် ဒေသခံတွေအတွက်အကျိုးရှိသလို ထိခိုက်နစ်နာမှုတွေကလည်း အနည်းနဲ့အများရှိလာမှာဖြစ်ပါတယ်။ တောင်ယာလုပ်ငန်းတွေ၊ စားကျက်တွေ၊ မိမိသုံးနေတဲ့သစ်တောထွက်ပစ္စည်းနဲ့ ထင်း၊ ဝါးကအစ နောက်ဆုံးကုန်ကုန်ပြောရရင် ချောင်းထဲမှာငါးဖမ်းတာကအစ ဥပဒေကိုချိုးဖောက်ရာရောက်သွားနိုင်ပါတယ်။ ပထမပုံမှန်အစည်းအဝေးတုန်းက အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းပြီး ကျွန်တော်မှ ထောက်ခံဆွေးနွေးခဲ့တဲ့မကွေးတိုင်းဒေသကြီးအနောက်ပိုင်း သစ်တောပြုန်းတီးမှုများနှင့် သဘာဝပျက်စီးမှုများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးပါရန် တိုက်တွန်းတဲ့အဆိုဆွေးနွေးခဲ့စဉ်၊ တင်ပြခဲ့စဉ်တုန်းကလည်း ပုံတောင်ပုံညာဒေသမှာ သစ်ကုမ္ပဏီအချို့ရဲ့ သစ်ခိုးထုတ်မှုတွေ၊ တရားမဝင် Chain Saw တွေ နေရာတကာမှာကိုင်တွယ်မှုတွေ၊ ကားကြီးကားငယ်အမျိုးမျိုးနဲ့ သစ်ခိုးထုတ်မှုတွေ၊ အလွန်အကျွံခုတ်ထွင်နေတဲ့ကျူးကျော်တောင်ယာတွေ စတာတွေကြောင့် ပြုန်းတီးပြီးတော့မှ ရာသီဥတုဖောက်ပြန်မှုတွေ၊ ရေရှားပါးမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေကြောင်း အားလုံးဝိုင်းဝန်းပြီးတော့မှ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒါတွေကိုလည်း မေ့ထားခဲ့ဖို့မသင့်ကြောင်း တင်ပြလိုပါတယ်။

**မူကြမ်း**

နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ Ecotourism အဖြစ်ထူထောင်မယ်ဆိုလို့ရှိရင် အခုလိုသဘာဝတောတွေကို ထာဝစဉ် ထိန်းသိမ်းထားဖို့လိုအပ်ပါတယ်ခင်ဗျား။ အခုလိုဖြစ်နေတဲ့တောတွေကိုလည်းပဲ အခုလိုပြန်လည် စိုက်ပျိုးပြီးတော့မှ ပြုစုပျိုးထောင်ပေးဖို့လိုပါတယ်ခင်ဗျား။ အခုလိုဆေးဖက်ဝင်အပင်တွေကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းပေးထားဖို့လိုပါတယ်ခင်ဗျား။ အခုလို တရားမဝင်သစ်ခိုးထုတ်မှု တွေကိုလည်းပဲ ထိထိရောက်ရောက်အပြစ်ပေးဖို့လိုအပ်ပါတယ်ခင်ဗျား။ မျက်စိပသာဒကြည့်ကောင်း မယ့်အခြေခံအဆောက်အဦတွေကိုလည်း ယခုတင်ပြထားတဲ့အတိုင်း တည်ဆောက်ထားဖို့လိုအပ်ပါ တယ်ခင်ဗျား။ အခုလို ဒေသထွက်ကုန်ပစ္စည်းများကိုလည်း လာရောက်လေ့လာသူများဝယ်ယူနိုင်ဖို့ အတွက် ရှာဖွေစုဆောင်းထားသင့်ပါတယ်ခင်ဗျား။ ဒေသခံတောင်သူတွေရဲ့လိုအပ်ချက်ကိုလည်းပဲ ယခုလို ဆည်တွေ၊ တာတမံတွေအဖြစ် တည်ဆောက်ပေးပြီးတော့မှ သဘာဝဝန်းကျင်ကို ထိန်းသိမ်း တဲ့နေရာမှာ ကူညီဆောင်ရွက်ပေးသင့်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ Ecotourism အဖြစ် ဒီနေရာကို တည်ထောင်မယ်ဆိုလို့ရှိရင် ကျွန်တော် အခုတင်ပြခဲ့တဲ့ ဒေသခံတွေရဲ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ကိုလည်း ပြန်လည်ဖော်ထုတ်ခြင်း အစရှိတဲ့ကြိုတင်ပြင်ဆင်မှုတွေကို ပထမဦးဆုံး ဆောင်ရွက်သင့် ကြောင်း ဝေဖန်အကြံပြုတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism ဒေသအဖြစ်သတ်မှတ်ပေးရန် အဆိုနှင့်ပတ်သက်လို့ အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံများ အလုပ် အကိုင်အခွင့်အလမ်းရရှိရေး၊ တိုင်းပြည်ရဲ့အခွန်ဘဏ္ဍာတိုးပွားရရှိရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့ တင်သွင်းတာဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ ရည်ရွယ်ချက်နှင့် စေတနာက အလွန်ကောင်းမွန်လှပါတယ်။ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်တဲ့စက်ရုံများလို့ တင်စား ခေါ်ဝေါ်ကြတာ အများအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုး

တိုးတက်ရေးကို လွန်ခဲ့တဲ့ ကာလအတန်ကြာကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမဲ့ ၂၀၁၃ ခုနှစ် လောက်ကျမှ ၂.၀၄ သန်းအထိ အရှိန်အဟုန်နဲ့တိုးတက်လာတာတွေ့ရပါတယ်။ နိုင်ငံတကာခရီးသွား ဆိုင်ရာအဖွဲ့အစည်းများရဲ့ အသွားသင့်ဆုံး ထိပ်ဆုံးသုံးနှစ် ဆက်တိုက်ရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ သုံးသန်းကျော်၊ ၂၀၁၅ ခုနှစ်မှာ ငါးသန်းခန့်ထိ ခရီးသွားလုပ်ငန်းဟာ ဖွံ့ဖြိုးလာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism) ဆိုတာဟာ သဘာဝအရ တည်ရှိနေတဲ့ဒေသများကို ယင်းဒေသများရဲ့ ထိန်းသိမ်းရေးအတွက် ဒေသရဲ့သဘာဝ သာယာဝပြော ရေးအတွက် တာဝန်သိစွာသွားသော ခရီးသွားလုပ်ငန်းဖြစ်တယ်လို့ နိုင်ငံတကာခရီးသွားလာရေး လုပ်ငန်းအဖွဲ့ကြီးက အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ သဘာဝအခြေခံဆိုင်ရာအခြေခံမူများကတော့ ခရီးစဉ်ဒေသများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးယဉ်ကျေးမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန် ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအားလုံး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အမြတ်တနိုးတန်ဖိုးထားစောင့်ထိန်းတတ်သည့် အသိပညာများ ခိုင်မာစွာတည်ရှိစေရန်၊ ခရီးသည်များနှင့် ဒေသခံပြည်သူများအကြား အပြန်အလှန်နားလည်မှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘဏ္ဍာရေးဖြည့်ဆည်းမှုဖြစ်စေရန်၊ ဒေသခံပြည်သူများအနေဖြင့် လူမှုအကျိုးစီးပွားနှင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးနိုင်စွမ်းနှင့် ပြောရေးဆိုခွင့်ကို မြှင့်တင်နိုင်စေရန်နှင့် အိမ်ရှင်နိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေးဘဝ၊ သဘာဝပတ်ဝန်းကျင်တို့ကို သိရှိနားလည်နိုင်မှုတိုးတက်စေရန်လို့ သတ်မှတ်ထားတာ ရှိပါတယ်။

ကျွန်တော်တို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို လေ့လာကြည့်တဲ့အခါမှာလည်း ဆယ်စုနှစ်စု လောက်မှာ အရှိန်အဟုန်နဲ့တိုးတက်လာတာကို တွေ့ရပါတယ်။ အဲဒီထဲမှာ သဘာဝအခြေခံခရီးသွား လုပ်ငန်းက ၅၀ ရာခိုင်နှုန်းလောက်ရှိတယ်လို့ သိရပါတယ်။ ကမ္ဘာကလည်း များစွာစိတ်ဝင်စားပြီးတော့ အလေးထားဆောင်ရွက်လာတာတွေ့ရပါတယ်။ ကုလသမဂ္ဂကနေပြီးတော့ ၂၀၀၂ ခုနှစ်ကို နိုင်ငံတကာ သဘာဝအခြေခံခရီးသွားနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးတော့ ၂၀-၁၂-၂၀၁၂ ရက်နေ့မှာ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း ဖြစ်သည်ဟု သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။ အလားတူပဲ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေမှာလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင်လို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့

တာရှိပါတယ်။ အာဆီယံနိုင်ငံမှာ အာဆီယံအမွေအနှစ်ဥယျာဉ် ၃၃ ခုရှိတာတွေ့ရပြီးတော့ အဲဒီအထဲမှာ မြန်မာနိုင်ငံက ခုနစ်ခုအထိ အရေအတွက်များစွာရှိတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ်မှာ သဘာဝကို အခြေခံတဲ့ခရီးသွားလုပ်ငန်း အဖွဲ့ဖွဲ့စည်းခဲ့ပြီးတော့ သဘာဝနယ်မြေများဖြစ်တဲ့ ဥယျာဉ်၊ ဘေးမဲ့တောတွေနဲ့ ဆင်စခန်းတွေနဲ့ တိရစ္ဆာန်ဥယျာဉ်တွေကို ထည့်သွင်းပြီးတော့ ခရီးသွားဒေသ ၁၅ ခုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ ကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးတော့ ၂၁ ခုအထိ တိုးချဲ့ပြီးတော့ သတ်မှတ် ခဲ့တာ တွေ့ရပါတယ်။ နောက်ထပ်တိုးချဲ့ပြီးတော့ သတ်မှတ်နိုင်တဲ့ Ecotourism ဒေသများစွာ ရှိနေပါ သေးတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင်တော့ ဆင်စခန်းတွေ အခုဆိုရင်တော့ နှစ်ခုပဲသတ်မှတ် ထားတာရှိသေးတယ်။ အဲဒီတော့ အဆိုရှင်တင်ပြထားတဲ့ ဂန့်ဂေါဒေသအပါအဝင် ကျန်တဲ့နေရာ တွေမှာလည်း ဆင်စခန်းတွေကို တိုးချဲ့ပြီးတော့ သတ်မှတ်နိုင်ပါသေးတယ်။ အခြားထူးခြားတဲ့သဘာဝ အခြေခံဒေသများကိုလည်း များစွာသတ်မှတ်နိုင်ပါသေးတယ်။ ဥပမာအနေနဲ့ပြောမယ်ဆိုလို့ရှိရင် မြစ်ဆုံလိုနေရာမျိုး အပါအဝင် မြိတ်ကျွန်းစုလိုနေရာမျိုးတွေဟာ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေ တိုးမြှင့်ပြီးတော့ အများကြီးသတ်မှတ်နိုင်တာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများအလုပ်အကိုင်ရရှိရေး၊ ဝင်ငွေ တိုးတက်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာအခွင့်အလမ်း အလွန်ကောင်းတဲ့ Ecotourism သဘာဝ အခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနဲ့ စနစ်တကျစီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည် ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Ecotourism(ဂေဟအကျိုးပြုခရီးသွားလုပ်ငန်း) ဒေသ အဖြစ်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ သာသနာ ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီးကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့ အဆိုကို ပြည့်စုံနှံ့စပ်စွာ ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော် အထူးဂုဏ်ယူပြီး တော့ ဝမ်းသာကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းဟာ သဘာဝအခြေအနေကို ထိခိုက်ခြင်းမရှိဘဲ ရေရှည်စီးပွားရေးအကျိုးအမြတ်ရရှိခြင်း၊ နိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာတစ်လွှားမြှင့်တင်နိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်း များရရှိနိုင်ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းစီးပွားရေး ဖွံ့ဖြိုးရေးဈေးကွက်မှာ ရှေ့တန်းသို့ရောက်ရှိ လာသောလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့နိုင်ရေးအတွက် လုပ်ငန်းများ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့နှင့် (၁) ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်၊ (၂) ခရီးသွားလုပ်ငန်းကြောင့် ဒေသခံပြည်သူတို့ရဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ သွင်ပြင် လက္ခဏာများကို ထိခိုက်မှုမဖြစ်စေရေး၊ (၃) ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေတဲ့ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဒေသခံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး စသည့် အချက်သုံးချက်ကို အဓိကထားပြီး စဉ်းစားရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်သွင်းတဲ့ အဆိုပါ ပုံတောင်ပုံညာဒေသဟာ သစ်တော ဂေဟစနစ်နဲ့ ဇီဝမျိုးစုံမျိုးကွဲပေါများခြင်း၊ တောတွင်းစခန်းချခြင်း၊ ဆင်စီးခြင်း၊ ငှက်ကြည့်ခြင်း၊ သစ်ခွကြည့်ခြင်းစတဲ့ သဘာဝခရီးသွားများ စိတ်ပါဝင်စားတဲ့အခွင့်အလမ်းများရှိတဲ့အပြင် လွန်ခဲ့တဲ့ နှစ်သန်း ၄၀ ခန့်က ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ခရီးသွားဧည့်သည် များကို ဆွဲဆောင်နိုင်တဲ့ ရှေးဟောင်းသုတေသနနယ်မြေနဲ့ သဘာဝအခြေခံ ခရီးသွားနေရာတစ်ခု အဖြစ် အလားအလာကောင်းများရှိနေပါတယ်။ မြန်မာနိုင်ငံသဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒ နှင့် စီမံခန့်ခွဲရေးမဟာဗျူဟာ ရေးဆွဲချမှတ်နိုင်ဖို့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ဟာ နီပေါနိုင်ငံ

International Centre for Integrated Mountain Development (ICIMOD) နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့မြို့ကြီးများဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ ဟားခါးနှင့်မြစ်ကြီးနား အစရှိတဲ့မြို့များမှာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ပြီးတော့ အပြီးသတ်မူကြမ်းသတ်မှတ်ရရှိတဲ့အခါမှာ မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲရေးမဟာဗျူဟာမူကြမ်းကို မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ် မေလတွင်ကျင်းပတဲ့ International Conference on Ecotourism in Protected Area အလုပ်ရုံဆွေးနွေးပွဲမှာ အပြီးသတ်ဆွေးနွေးနိုင်ခဲ့ပြီး စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ အချက်ခြောက်ချက်ပါဝင်တဲ့ မြန်မာနိုင်ငံရဲ့သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာများကို အတည်ပြုချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော် အဲဒီမှာပါတဲ့အတိုင်းပါပဲ မူဝါဒခြောက်ချက်ကတော့ (၁) အဖွဲ့အစည်း၊ ဥပဒေစည်းမျဉ်းဆိုင်ရာမူဘောင်အစီအစဉ်များ ခိုင်မာအားကောင်းမှု (၂) သဘာဝနယ်မြေများ အတွင်းနှင့် ဘေးပတ်ဝန်းကျင်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်း စီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ ခိုင်မာအားကောင်းမှု၊ (၃) ဒေသခံပြည်သူလူထုအတွက် အစီအစဉ်၊ (၄) အခြေခံအဆောက်အဦနှင့် တာဝန်ယူမှုရှိသော စီးပွားရေးပုံစံများကို ရင်းနှီးမြှုပ်နှံမှု၊ (၅) သုတေသနနှင့်စောင့်ကြပ်စစ်ဆေးမှု မူဘောင်များခိုင်မာအားကောင်းမှု၊ (၆) ဈေးကွက်နှင့်ပြည့်စုံသော သတင်းအချက်အလက်များကို ရှင်းလင်းဖော်ပြနိုင်သည့် ဆက်ဆံရေးလုပ်ငန်းများဆိုင်ရာ ခိုင်မာအားကောင်းမှုတွေပဲဖြစ်ပါတယ်။

အခုအဆိုပြုတင်ပြထားတဲ့ ပုံတောင်ပုံညာဒေသဟာ လက်ရှိမြန်မာနိုင်ငံရဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနဲ့ စီမံခန့်ခွဲမှုမဟာဗျူဟာ ၂၀၁၅-၂၀၂၅ ခုနှစ်မှာတော့ မပါဝင်သေးသော်လည်းပဲ နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များ ကြိုက်နှစ်သက်တဲ့ဒေသတစ်ခုဖြစ်ခြင်း၊ ခရီးသွားများအားဆွဲဆောင်နိုင်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များနဲ့ ကိုက်ညီမှုရှိခြင်း၊ ဒေသခံများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖော်ဆောင်နိုင်စွမ်းအစရှိတဲ့အခွင့်အလမ်းကောင်းများစွာရှိမယ့် ဒေသတစ်ခုဖြစ်ကြောင်းကိုတော့ သုံးသပ်မိပါတယ်။ သို့ရာတွင် ဒေသတစ်ခုကို Eco-Tourism ခရီးစဉ်တစ်ခုအဖြစ် သတ်မှတ်ရန်အတွက် ခရီးစဉ်ဒေသ၏ အလားအလာ သွားလာဆက်သွယ်၍ ခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ဆောင်ချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှု၊ လုံခြုံဘေးကင်းမှု၊ အသိပညာပေးအစီအစဉ်များစတဲ့ အာဆီယံစံနှုန်းသတ်မှတ်ချက်များကိုလည်းပဲ အလေးထားဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီအပြင် အဲဒီဒေသမှာတွေ့ရှိရတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများဟာ မြန်မာမြေပေါ်မှာ လူသားအစ

သမိုင်းကြောင်းကို ရှာဖွေဖော်ထုတ်ရန် အရေးပါတဲ့ ခိုင်မာတဲ့အထောက်အထားဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များလည်းဖြစ်တာကြောင့်မို့လို့ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များနဲ့ အမွေအနှစ်တွေ့ရှိရာဒေသကို အထူးကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသောကြောင့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမွေအနှစ်တွေ့ရာဒေသများကို ထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာရှိနိုင်မရှိနိုင်ကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ သို့ပါ၍ ပုံတောင်ပုံညာဒေသရှိဇီဝမျိုးစုံမျိုးကွဲများ အခြေအနေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သဘာဝနှင့်ပတ်သက်၍ လေ့လာနိုင်တဲ့အခွင့်အလမ်းများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ခရီးသွားဧည့်သည်များတည်းခိုနိုင်ရေး၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံနိုင်မှု စသည်တို့ကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကလေ့လာဖော်ထုတ်ပြီး ၎င်းဒေသကို သဘာဝအခြေခံခရီးသွားနေရာတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ စိစစ်သုံးသပ်ရန် လိုအပ်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်မှပြည်ထောင်စုအစိုးရကိုတိုက်တွန်းတဲ့အဆိုနဲ့ပတ်သက်လို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူများနှင့် ကွင်းဆင်းလေ့လာပြီး လေ့လာဆောင်ရွက်ပြီးမှသာ သတ်မှတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်းနှင့် အနာဂတ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှု၊ အခြားသက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ပူးပေါင်းဆောင်ရွက်မှုများနှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဖြေကြားတဲ့အထဲမှာ ကျွန်တော်တို့ ဒီလွှတ်တော်မှာ လုပ်ရမည့်လုပ်ငန်းစဉ်တွေကို တိတိကျကျလေးသိချင်ပါတယ်။ ခုနက ဆက်လက်ဆောင်ရွက်သွားမည်ဆိုတဲ့ဟာပဲကျွန်တော်တို့ ကြားသိရတယ်။ အဲဒီတော့ ဒီအဆိုကို ကျွန်တော်တို့ သုံးမျိုးရှိပါတယ်။ အတည်ပြုပေးနိုင်သလား။ ဒါမှမဟုတ် ဝန်ကြီးဌာနက အတည်မပြုနိုင်ဘူးလား။ ဒါမှမဟုတ် ဝန်ကြီးဌာနက မှတ်တမ်းပဲတင်ထားစေချင်လား။ တစ်ခုခုကိုတော့ ဝန်ကြီးဌာနအနေနဲ့ ခုနက ဝန်ကြီးဌာန သုံးခုရဲ့ကိုယ်စားရှင်းလင်းပြတ်သားတဲ့အဖြေတစ်ခုတော့ သိလိုပါတယ်။ ခုနကလို သုံးခုပေါင်းပြီးတော့ လုပ်နိုင်၊ မလုပ်နိုင် ဆက်လက်စိစစ်လေ့လာသွားမယ်ဆိုတဲ့ဟာတော့ ကျွန်တော်တို့ ဒီနေရာမှာ ဆုံးဖြတ်ချက်တစ်ခုကိုချလို့မရပါဘူး။ ဒါကြောင့်မို့လို့ မှတ်တမ်းပဲတင်မှာလား၊ အတည်ပဲမပြုဘူးလား၊ အတည်ပဲပြုမှာလား။ တစ်ခုခုလေးတော့ သဘောထားပေးစေချင်ပါတယ်။

**မူကြမ်း**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနက သုံးခုပူးပေါင်း ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ်ဆယ်အားဖြင့် လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မရဲ့အဆိုကို ဝိုင်းဝန်းပြင်ဆင်ကူညီခဲ့ကြတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ ဤအဆို အတွက် အားပေးကူညီခဲ့ကြတဲ့ Tourism ပညာရှင်များအားလည်းကောင်း၊ ထောက်ခံဆွေးနွေးသူများ ကိုလည်းကောင်း ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မအနေနဲ့ အထွေအထူးပြောစရာမရှိပါဘူး။ ဝန်ကြီး ရဲ့သဘောထားအတိုင်းပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ် ကတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ခုနစ်ဦးက ဆွေးနွေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင် ကလည်း ဝန်ကြီးဌာနရဲ့ သဘောထားအတိုင်း မှတ်တမ်းတင်ပေးပါရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်

အစည်းအဝေး နဝမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် (၁၄.၉.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ**


ဒေါ်ခင်စန်းလှိုင် (ပုလဲ မဲဆန္ဒနယ်)


ဦးခင်ရို (လှိုင်းဘွဲ့ မဲဆန္ဒနယ်)


ဦးအောင်ခင်ဝင်း (မြိုင် မဲဆန္ဒနယ်)


ဦးအုန်းဝင်း (ဝန်ကြီး)


ဒေါ်ယဉ်မင်းလှိုင် (ဂန့်ဂေါ မဲဆန္ဒနယ်)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်